# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၁၄)


# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် မေ ၂ ရက် နံနက်ပိုင်းတွင် တနင်္သာရီမြို့နယ် ဘန်လော- ဘန်သဲ -ကျောက်မီးကျောင်း - မြန်မာ အင်းတော် ကျေးရွာချင်းဆက် ၁၀ မိုင် ၁ ဖာလုံ ပေါ်တွင် မြေလမ်း ၂ မိုင် ဖောက်လုပ်ခြင်းနှင့် ကွန်ကရစ်တံတား ပေ ၈၀ တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းခွင်များတွင် သက်ဆိုင်ရာကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်၊ မြေသားလမ်းဖောက်လုပ်ရာတွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လမ်းဘေးရေမြောင်းများကို သတ်မှတ်ချက်အတိုင်း ဖောက်လုပ်သွားရန်၊ လမ်းပခုံးများကိုလည်း အမာခံရရှိရေးအတွက် ဆောင်ရွက်ရန်၊ တံတားများအတွက် ချဉ်းကပ်လမ်းများ အတက်အဆင်း ပြေပြစ်၍ ရေတိုက်စားမှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ မြေထိန်းနံရံများကို ခိုင်ခံ့ကောင်းမွန်အောင်


စာမျက်နှာ ၄ ကော်လံ ၁ ●




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

## ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံ စာအိတ်ကို မေလ (၁၁) ရက် (အင်္ဂါနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။

အောက်ဖော်ပြပါ သီးခြားဝင်ခွင့်ရွေးချယ်မည့် တက္ကသိုလ်များသို့ ပထမဦးစားပေး လျှောက်ထားပါက လျှောက်လွှာများကို အဆိုပါတက္ကသိုလ်များသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားရမည် ဖြစ်ပါသည်-

(၁) ရန်ကုန်တက္ကသိုလ်
(၂) မန္တလေးတက္ကသိုလ်
(၃) ရန်ကုန်နည်းပညာတက္ကသိုလ်
(၄) မန္တလေးနည်းပညာတက္ကသိုလ်
(၅) နည်းပညာတက္ကသိုလ်(မန္တလေး)
(၆) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
(၇) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
(၈) မန္တလေးကွန်ပျူတာတက္ကသိုလ်
(၉) ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
(၁၀) ရန်ကုန်ပညာရေးတက္ကသိုလ်
(၁၁) စစ်ကိုင်းပညာရေးတက္ကသိုလ်
(၁၂) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၃) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
(၁၄) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)
(၁၅) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၊ မိတ္ထီလာမြို့

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်မည့် တက္ကသိုလ်များသို့ ပထမဦးစားပေးလျှောက်ထားပါက လျှောက်လွှာများကို အောက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်များသို့ တင်သွင်းလျှောက်ထားရမည် ဖြစ်ပါသည် -

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်


စာမျက်နှာ ၄ ကော်လံ ၁ ❄


**ယနေ့ မာတိကာ**


အစွန်းရောက်အတွေးအခေါ်များနှင့် ခုတ်ရာတခြား ရှရာတခြားဖြစ်နေသည့် ကျောင်းမတက်ရေး လှုံ့ဆော်နေမှုများ

ဆောင်းပါး စာ » ၆

မိုးဦးရေအေး မေတ္တာဆေးနဲ့ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ

ဆောင်းပါး စာ » ၉

COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၆ ဦး တွေ့ရှိ

(၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ » ၁၅

# သူရဲကောင်းများ၏လုပ်ငန်း စိန်ရတုပြည့် အခါသမယ

ယနေ့သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်ပြီး (၇၅)နှစ်ပြည့်မြောက်သည့် စိန်ရတုနှစ်လည်း ဖြစ်သည်။ သမိုင်းအထောက်အထားများအရ မြန်မာ့မီးသတ်၏ သမိုင်းကြောင်းမှာ ရှည်လျားလှပြီဟု ဆိုနိုင်သော်လည်း ခေတ်သစ်မြန်မာ့မီးသတ်၏အစအဦးကိုမူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်ခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကြီး ကျင်းပခဲ့သည့် ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်နှစ်ဖြစ်သည့် ၁၉၄၇ ခုနှစ်၊ ဇွန်လဆန်းတွင် ကျင်းပသည့် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး၏ ညီလာခံသို့လည်း အစည်းအရုံး၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်လာပြီး မိန့်ခွန်းတစ်ရပ်ကိုလည်း ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းတွင် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်လုပ်၊ တိုင်းပြည်ကာကွယ်ရေးလုပ်လုပ် သက်ဆိုင်ရာမှ လူများလောက်နှင့်သာလုပ်၍ မလုံလောက်ဘဲ ပြည်သူလူထုကပါ ကိုယ်ထိလက်ရောက်ပါဝင်ကူညီဖို့ လိုကြောင်း၊ အရေးကြုံလျှင် သက်လုံကောင်းရမှာဖြစ်သည့်အတွက် ကိုယ့်အားကိုယ်ယုံကြည်ဖို့လည်းလိုကြောင်း၊ ယခုခေတ်တွင် လောင်စာများလာသည့်အတွက် မီးသတ်အစည်းအရုံးတွေ များများလိုလာကြောင်း၊ ရှေးကဗမာ့စနစ်ကို ပြန်လည်ရရှိရန် ကြိုးစားရမည်၊ နှိုးဆော်ပေးရမည်ဖြစ်ကြောင်း။ (ရှေးကဗမာ့စနစ်ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ကူညီဝိုင်းဝန်းမှုရှိသည်၊ တစ်အိမ်မီးလောင်လျှင် တစ်ရွာလုံးက မိမိ၏တာဝန်ကိုသိရှိသည်။) စသည်ဖြင့် ထည့်သွင်းမိန့်ကြားခဲ့သည်။ ထို့အပြင် “မီးသတ်လုပ်ငန်းဟာ မြန်မြန်ထက်ထက်နှင့် ရဲရဲဝံ့ဝံ့လုပ်ရတဲ့ လုပ်ငန်းဖြစ်သဖြင့် သူရဲကောင်းများ၏ လုပ်ငန်းတစ်ရပ်လို့ယူဆတယ်။ သူများကောင်းကျိုးအတွက် ကူညီဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းများဖြင့် ဒီသူရဲကောင်းစိတ်တွေမွေးပြီး ကူညီဝိုင်းဝန်းဖို့လုပ်ရမယ်။ မီးသတ်သမားများကို မီးမလောင်ခင်က ကိရိယာတန်ဆာပလာ အပြည့်အစုံရှိဖို့နှင့် မီးလောင်လျှင် အမြန်ဆုံးသွားရောက်ငြိမ်းသတ်နိုင်ဖို့ ပညာတွေ သင်ကြားထားရမယ်” ဟူ၍လည်း လမ်းညွှန်မိန့်ကြားခဲ့သည်။

ယခုအခါ (၇၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၄၀၀၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၆၀၀၀၀ ခန့်၊ စက်ရုံအလုပ်ရုံများတွင် သီးသန့်ဖွဲ့စည်းထားသည့်တပ်ဖွဲ့ဝင် ၁၉၀၀၀ ခန့်ရှိလာပြီဖြစ်ပြီး ခေတ်မီ မီးသတ်ယာဉ်၊ ယန္တရားများ၊ စက်ကိရိယာများဖြင့် ၂၄ နာရီပတ်လုံး တာဝန်ထမ်းဆောင်လျက်ရှိပြီဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်မှာ (၁) မီးဘေးလုံခြုံရေး၊ (၂) သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ (၃) ရှာဖွေကယ်ဆယ်ရေး၊ (၄) ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဟူ၍ဖြစ်ရာ မီးငြိမ်းသတ်မှုတစ်ခုတည်းသာမကတော့သည့် တာဝန်များပါ ပါရှိနေပြီဖြစ်သည်။ သို့ဖြင့် ကျောက်မီးသွေးတွင်း၊ ကျောက်တွင်း၊ သတ္တုတွင်း ပြိုကျပိတ်မိမှုဖြစ်စဉ်များ၊ မော်တော်ယာဉ်၊ ရေယာဉ်များ ဘေးအန္တရာယ်ကျရောက်သည့်ဖြစ်စဉ်များ၊ တောင်ပြိုမြေပြိုခြင်း၊ ရေကြီးနစ်မြုပ်ခြင်းဖြစ်စဉ်များ စသည်တို့မှသည် ဓာတ်လှေကားပိတ်မိမှု၊ အိမ်ထဲမြွေဝင်မှုတို့အထိ မီးသတ်တပ်ဖွဲ့ဝင်တို့၏ ရှာဖွေကယ်ဆယ်ရေးစွမ်းဆောင်မှုများကို တွေ့ရှိကြရသည်။ အချို့သောကြီးမားလှသည့် ဘေးအန္တရာယ်ဖြစ်စဉ်များတွင် မီးသတ်တပ်ဖွဲ့ဝင်တို့၏ အသက်ကိုပဓာနမထားသော စွန့်လွှတ်စွန့်စားမှုတို့ကို လေးစားဖွယ်၊ ဂုဏ်ယူဖွယ်တွေ့ရှိကြရသည်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သကဲ့သို့ပင် မီးသတ်လုပ်ငန်းဟူသည် အများပြည်သူကောင်းကျိုးအတွက် စေတနာ့ဝန်ထမ်းစိတ်ဓာတ်၊ သူရဲကောင်းစိတ်ဓာတ်တို့ဖြင့် ဆောင်ရွက်ကြရခြင်းဖြစ်ရာ ပြည်သူလူထုအနေဖြင့်လည်း မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ယောက်တစ်လက် တွဲဆက်ပါဝင်နိုင်ကြစေရေး တိုက်တွန်းအားပေးကာ (၇၅)နှစ်ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုအပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပညာရေးဝန်ကြီးဌာန

၂၀၂၁ -၂၀၂၂ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

### ပညာရေးဝန်ကြီးဌာန “၂၀၂၁ -၂၀၂၂ ပညာသင်နှစ် ” အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကိုသူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကိုပထမတန်း (Grade-1) သို့ အပ်နှံရန်။

### ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## ဝမ်းတွင်းမြို့နယ် စက်ချုပ် ကုန်ထုတ် သမဝါယမလုပ်ငန်းများ ပုံမှန်လည်ပတ်

ဝမ်းတွင်း မေ ၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာတွင် ကုန်ထုတ်သမ(စက်ချုပ်)လုပ်ငန်းများကို ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

သဖန်းကျေးရွာရှိ စက်ချုပ်ကုန်ထုတ်သမဝါယမ အသင်းသူအသင်းသားများ၏လုပ်ငန်းအနေဖြင့် ကုန်ကြမ်းယူ/ကုန်ချောပေးစနစ်ဖြင့် ပိုးထည်အမျိုးမျိုး၊ အနွေးထည်အမျိုးမျိုး၊ မိုးကာအမျိုးမျိုးကိုလည်း ချုပ်လုပ်လျက်ရှိပြီး အလုပ်သမားတစ်ဦးလျှင် နေ့တွက်ခ ငွေကျပ် ၄၀၀၀ နှုန်းဖြင့် လုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်အတွင်းရှိ သဖန်းကျေးရွာသည် စက်ချုပ်ကုန်ထုတ် သမဝါယမအသင်းကို ၂၀၁၇ ခုနှစ်မှစတင်ကာ လုပ်ငန်းရှင် အသင်းသား ၅၂ ဦး၊ အလုပ်သမား အသင်းသား ၂၈၀ စုစုပေါင်း ၃၃၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး စက်ချုပ်ကုန်ထုတ်လုပ်ငန်းများကို ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အားကစားကွင်းများ၊ အားကစားရုံများ ကောင်းမွန်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည်

အားကစားများပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှုရှိမည်ဖြစ်ကြောင်း၊ အလွယ်ကူဆုံး အားကစားနည်းနှစ်ခုမှာ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်းပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစ၍ အားကစားပြိုင်ပွဲများတွင် အားကစားအောင်မြင်မှုများ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း များစွာကျဆင်းခဲ့ကြောင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ အားကစားနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်ကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများပြုလုပ်ရာတွင် ကစားကွင်းများ ကောင်းမွန်ရေးသည်လည်း အဓိကကျသဖြင့် လိုအပ်သည့် အားကစားကွင်းများ၊ အားကစားရုံများ ကောင်းမွန်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် မေ ၄**

ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူပိုင်ခွင့်ဥပဒေဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြည်တွင်းကုန်စည်စီးဆင်းမှု အခြေအနေများနှင့် ပတ်သက်၍ အပတ်စဉ်ကျင်းပသည့် ဝန်ကြီးဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**



**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာ ကိစ္စရပ်များ၊ အဆောက်အဦနှစ်ရှည်ငှားရမ်းခွင့် ကိစ္စရပ်များ၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ဝန်ထမ်းရေးရာနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို Time Frame ထားရှိ ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးစီးဌာနများရှိ လက်အောက်ဝန်ထမ်း များကိုလည်း မိမိဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို သိရှိနိုင်စေရေး အသိပေးရန်တို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

သတင်းစဉ်

## ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ မည်သူမဆို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရသဖြင့် လူဦးရေကန့်သတ်ချက်ရှိသောကြောင့် တက်ရောက်လိုသူများအနေဖြင့် ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဖုန်း ၀၆၇-၄၀၈၄၁၈၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဖုန်း ၀၆၇-၄၀၈၀၂၉၊ လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း ၀၆၇-၄၀၈၀၄၀ များသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို အမျိုးသား စာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

● *ရှေ့ဖုံးမှ*

ဆောင်ရွက်ရန်မှာကြားခဲ့ပြီး ဘန်သဲကျေးရွာအုပ်စု၊ ဘန်သဲကျေးရွာ ရပ်မိရပ်ဖများ၏ သောက်သုံးရေ အခက်အခဲရှိကြောင်း တင်ပြချက်အပေါ် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ကွင်းဆင်း စစ်ဆေးတင်ပြသွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘုတ်ပြင်းမြို့နယ် အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ဟန်ကပြူကျေးရွာအုပ်စု၊ ဟန်ကပြူ-ရွာဟောင့်လူ လမ်း ၃၄ မိုင် ပေါ်တွင် မြေသားလမ်းသစ် ၅ မိုင် ဖောက်လုပ်ခြင်းနှင့် ကွန်ကရစ် ပေ ၄၀ တံတား တစ်စင်း၊ ၁၀ ပေ တံတား နှစ်စင်း၊ ၇၅ ပေ တံတား တစ်စင်း၊ ပေ ၇၀ တံတား နှစ်စင်း၊ ပေ ၅၀ တံတား နှစ်စင်း၊ ပေ ၈၀ တံတား တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မကြာမီမိုးရာသီကာလ ရောက်ရှိတော့မည်ဖြစ်၍ လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးအောင် ဖိဖိစီးစီး ဆောင်ရွက်သွားရန်နှင့် ယင်းလမ်း ပေါ်တွင် ထပ်မံဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့် မြေသားလမ်း၊ ကွန်ကရစ်လမ်း၊ တံတားနှင့် Box Culvert များကို လာမည့် ဘဏ္ဍာရေး နှစ်တွင် ဆက်လက်ဆောင်ရွက်နိုင်ရေး သေချာစွာ ကွင်းဆင်းစစ်ဆေး တင်ပြရန် မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၃ ရက် နံနက်ပိုင်းတွင် ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကရာမတပ်ဦးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဇာဒက်ကြီးကျွန်းပေါ်ရှိ အသက် ၇၀ နှင့်အထက် ဆလုံလူမျိုး အဘိုး၊ အဘွား ၄၇ ဦးအတွက် ဆန်၊ ဆီ၊ ဆား စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဇာဒက်ကြီး အထကရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းဝတ်စုံ အဖြူအစိမ်းနှင့် ဗလာစာအုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**ညှိနှိုင်းဖြည့်ဆည်း**

ယင်းနောက် ဇာဒက်ကြီးကျွန်းပတ်လမ်း ၆၆ မိုင်ပေါ်တွင် ကျောက်လမ်း နှစ်မိုင်နှင့် ကွန်ကရစ်လမ်း ၁ မိုင် ၄ ဖာလုံခင်းခြင်း၊ ကွန်ကရစ်တံတား ပေ ၁၀၀ တစ်စင်း၊ ၅ ပေ Box Culvert ၂၆ စင်း တည်ဆောက်ခြင်းလုပ်ငန်း များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လမ်းများရေရှည် ခိုင်ခံ့ကောင်းမွန်စေရေးအတွက် လမ်းပေါ်တွင် ရေမတင်စေရန်နှင့် လမ်းဘေးရေမြောင်းများကို ရေဆင်းကောင်းအောင်ပြုလုပ်ရန်၊ တံတား ချဉ်းကပ်လမ်းများကို အလွှာလိုက်ကြိတ်၍ ခိုင်ခံ့အောင်ဆောင်ရွက်ရန်၊ မြေထိန်းနံရံများကို လိုအပ်ပါက တိုးချဲ့ဆောင်ရွက်ရန်၊ လုပ်ငန်းများကို အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီ အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး လုပ်ငန်းအခက်အခဲ များ တင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ကော့သောင်းမြို့၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများအတွက် ထိရောက်ပြီး အကျိုးရှိသည့် လုပ်ငန်းများ ဖြစ်စေရေး စနစ်တကျစိစစ်တင်ပြ အကောင်အထည်ဖော်ဆောင်ရွက် သွားရန်လိုအပ်ကြောင်း၊ သင်တန်းနည်းပြများအနေဖြင့် သင်တန်း သူများကို ဘာသာရပ်အလိုက် ကျွမ်းကျင်စွာ သင်ကြားနိုင်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရေးတို့အတွက် မိမိတို့ကိုယ်တိုင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရန် အသိ၊ အမြင်၊ ဗဟုသုတကြွယ်ဝ ရန်နှင့် အတွေးအခေါ်၊ အယူအဆ မှန်ကန်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်း များအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်သည့်အားလျော်စွာ ရိုးသားမှု၊ စနစ်တကျနေထိုင်တတ်မှု၊ ကြိုးစားလိုစိတ်၊ အချင်းချင်း အထက်အောက် ရှိသေလေးစားပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင် သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများ အတွက် တူညီဝတ်စုံများ ပေးအပ်သည်။

**ပေါင်းစပ်ဖြည့်ဆည်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းနှင့် ကော့သောင်း ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ စားရိပ်သာ များ လက်ရှိဘဏ္ဍာနှစ်တွင် တည်ဆောက်လျက်ရှိသည့် မော်တာ အပ်ချုပ်စက် သင်တန်းဆောင် တည်ဆောက်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက် ပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းတံတား လုပ်ငန်းများ၊ အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ရေရရှိခြင်း လုပ်ငန်းများ စသည့်လုပ်ငန်းအရေအတွက် စုစုပေါင်း ၅၀ ကို ရန်ပုံငွေ ကျပ် ၅၀၂၄ ဒသမ ၄၂၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်းနှင့် လုပ်ငန်းများအားလုံး သတ်မှတ်ဘဏ္ဍာရေးနှစ် ကာလအတွင်း ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) တောင်ကုတ်တက္ကသိုလ်
(၂၀) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၁) တောင်ကြီးတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ကျိုင်းတုံတက္ကသိုလ်
(၂၄) ပုသိမ်တက္ကသိုလ်
(၂၅) ဟသ်ာတတက္ကသိုလ်
(၂၆) မအူပင်တက္ကသိုလ်

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို မေလ (၁၁)ရက်မှ ဇွန်လ (၁၄) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အထက်ပါတက္ကသိုလ်များ၌ လက်ခံမည် ဖြစ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၃၇၆၇၇ နှင့် ၀၁၇-၅၂၅၆၁၂၊ ၀၁၇ -၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဗိုလ်ငွေနှင့် ဦးဇော်ဝင်းတို့ ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂)၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့၊ အဖွဲ့ဝင် (၄) ဦးဇော်ဝင်းတို့သည် ယနေ့နံနက် ၁၁ နာရီက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာ အမှတ် (၃) လမ်းမဘေးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အောင်တံခွန် ရေပေးဝေရေးစခန်း လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် မင်္ဂလာဒုံမြို့နယ် ပန်းခြံကုန်းလေယာဉ် ထုတ်လုပ်ရေးနှင့် ပြင်ဆင်ရေးဌာနချုပ် ဝင်းရှေ့ ပြည်လမ်းမကြီးတွင် ရေပိုက်လိုင်း ချပြီး လမ်းသားပြန်လည် ခင်းကျင်းနေမှု လုပ်ငန်းများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ရေဖြည့်တင်းပေးနေ**

အဆိုပါ အောင်တံခွန် ရေပေးဝေရေးစခန်းသည် ငမိုးရိပ်ဆည်မှရေအား တူးမြောင်းနှင့် သွယ်ယူပြီး ညောင်နှစ်ပင် ရေသန့်စင်စက်ရုံ၌ ရေကို သန့်စင်စေပြီး တူးမြောင်းဖြင့် ဘားလားချောင်းထဲသို့ စီးဝင်စေ၍ ထိုမှတစ်ဆင့် တူးမြောင်းဖြင့် အလျားပေ ၆၀၀၊ အနံပေ ၂၀၀၊ ကျယ်ဝန်းသည့် ကြိုတင် အနည်ထိုင်ကန်ထဲသို့ ရေများစုစည်းပြီးနောက် အလျား ပေ ၁၂၀၊ အနံပေ ၁၀၀ ရှိ ရေစုကန်မှတစ်ဆင့် ရေတွန်းစက်ကြီးများဖြင့် လှော်ကားရေလှောင်ကန်သို့ ရေဖြည့်တင်း ပေးနေခြင်းဖြစ်ကြောင်း၊ ရေဖြည့်တင်းရာတွင် ၅၀၀ ကီလိုဝပ် ရေတွန်းစက်ကြီး သုံးလုံးနှင့် ၂၇၅ ကီလိုဝပ် ရေတွန်းစက် နှစ်လုံး စုစုပေါင်း ငါးလုံးဖြင့် တစ်နေ့လျှင် စက်ကြီး နှစ်လုံးမောင်း တစ်လုံးနား၊ စက်အသေး တစ်လုံးမောင်း တစ်လုံးနား စနစ်ဖြင့် ရေဂါလန်သန်း ၄၀ အား လှော်ကားရေလှောင်ကန်သို့ နေ့စဉ် ရေဖြည့်တင်းပေးနေကြောင်း သိရသည်။

**သတ်မှတ်ချိန်ပြီးစီးရေး**

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးဗိုလ်ငွေနှင့် ဦးဇော်ဝင်းတို့သည် မင်္ဂလာဒုံမြို့နယ် ပန်းခြံကုန်း လေယာဉ် ထုတ်လုပ်ရေးနှင့် ပြင်ဆင်ရေးဌာနချုပ် ဝင်းရှေ့ ပြည်လမ်းမကြီးတွင် ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံ အဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အရှည် ပေ ၂၇၀၀ ရှိ ၆၆ လက်မ ရေပိုက်လိုင်းချပြီး လမ်းသား ပြန်လည်ခင်းကျင်းနေမှု လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်း တင်ပြပြီးနောက် မြို့တော်ဝန် ဦးဗိုလ်ငွေက လုပ်ငန်းများ သတ်မှတ်အချိန်အတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးရေး နှင့် လုပ်ငန်းခွင်ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ အဆိုပါ ခင်းကျင်းလျက်ရှိသည့် လမ်းအား အရှည် ပေ၂၇၀၀ ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းပြီး အပေါ်၌ AC ထပ်လောင်း ခင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် မေ ၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ချမ်းအေးသာစံမြို့နယ်ရှိ မိုးကောင်းတိုက် အလယ်ကျောင်းကြီး၌ ဆရာတော် သံဃာတော်များထံ သွားရောက်ဖူးမြော်ပြီး ဩဝါဒခံယူ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အနေဖြင့် COVID-19 ရောဂါကာကွယ်ရေး ဆောင်ရွက်နေသောကာလအတွင်း ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်သံဃာတော်များအား ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆန်၊ ဆီ၊ ဆပ်ပြာ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ မိုးကောင်းတိုက် အလယ်ကျောင်းကြီးသို့ သွားရောက်ကာ နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တသီလာစာရာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များအား ဖူးမြော်၍ ဆန်၊ ဆီနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းမှုတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ အဖွဲ့ဝင်(၃) ဦးမျိုးအောင်၊ အဖွဲ့ဝင်(၅) ဦးယဉ်ထွေးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးသံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင် ဒိုက်ဦးဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို ဆရာတော်ကြီးများထံ လျှောက်ထားပြီး နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဘဒ္ဒန္တ ဇောတိက ဝေယံဘုံသာတိုက်ဆရာတော်ထံမှ ဩဝါဒကထာကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့က မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆပ်ပြာများကိုလည်းကောင်း၊ မိသားစုအလှူအဖြစ် သင်္ကန်း၊ ဝတ္ထုငွေလှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး(ယာပုံ) တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အနုမောဒနာ ရေစက်ချတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့လှူဒါန်းမှုတွင် ချမ်းအေးသာစံမြို့နယ်



အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းနှင့် သီလရှင်ကျောင်း ၁၀ ကျောင်းတို့အတွက် ဆန် ၁၁၅ အိတ်၊ ဆီ ၅၅၂ ပိဿာ၊ ဆပ်ပြာခဲ ၅၅၂၀ လှူဒါန်းပေးပြီး ယနေ့အထိ မန္တလေးခရိုင်အတွင်း ပုသိမ်ကြီးမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၈ ကျောင်း၊ သီလရှင်ကျောင်း ၈၄ ကျောင်းကို ဆန် အိတ် ၅၇၀၊ ဆီ ၂၇၃၆ ပိဿာနှင့် ဆပ်ပြာခဲ ၂၇၃၆၀ လှူဒါန်းပြီးဖြစ်ကြောင်းနှင့် ကျန်မြို့နယ်များအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်ကျောင်းများသို့လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာနည်းပညာတက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရေး ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာနည်းပညာတက္ကသိုလ်များသို့ မေ ၃ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် အဖွဲ့ဝင်များ သွားရောက်၍ မေ ၅ ရက်မှစကာ တက္ကသိုလ်များ၏ နောက်ဆုံးစာသင်နှစ်များ ပြန်လည်ဖွင့်လှစ်သင်ကြားမည့် အခြေအနေများနှင့် ပတ်သက်၍ တက္ကသိုလ်ရှိ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ယာပုံ)**



ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် တက္ကသိုလ်အသီးသီးရှိ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက မေ ၅ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က နောက်ဆုံးစာသင်နှစ်သို့ တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူများ စာသင်ကြားချိန်တွင် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု စစ်တွေပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**စစ်တွေ မေ ၄**

(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့က ရခိုင်ပြည်နယ် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့က အရေးပေါ်လူနာများ အသုံးပြုနိုင်ရန်အတွက် စစ်တွေဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးများလှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနရုံးရှေ့၌ စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဆိုင်းဘုတ်ကို စိုက်ထူကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# အစွန်းရောက်အတွေးအခေါ်များနှင့် ခုတ်ရာတခြား ရှရာတခြားဖြစ်နေသည့် ကျောင်းမတက်ရေး လှုံ့ဆော်နေမှုများ

**မျိုးငြိမ်းငယ်**

**ကျောင်းများ ဖွင့်မယ်ဆိုတဲ့အချိန်ကစလို့ စိတ်ထဲ ဘဝင်မကျစရာတစ်ခုကို တွေ့နေရပါတယ်။ အဲဒါကတော့ ကျောင်းမတက်ရေး လှုံ့ဆော်နေကြသူများရဲ့ လုပ်ဆောင်မှုတွေပါပဲ။ အဲဒီလုပ်ဆောင်ချက်ဟာ ခုတ်ရာတခြား ရှရာတခြားလို့ပဲ ကောက်ချက်ချရမှာပါ။**

ဖေဖော်ဝါရီလ ၁ ရက် နောက်ပိုင်းမှာ ဆန္ဒပြမှုပုံစံမျိုးစုံ တွေ့ရပါတယ်။ အဲဒီဆန္ဒပြမှုများဟာ တည်ဆဲအစိုးရကို ဆန့်ကျင်ဆန္ဒပြတဲ့ရည်ရွယ်ချက်လို့ဆိုပေမယ့် တချို့သော ဆန္ဒပြတဲ့ပုံစံတွေ၊ ရည်ရွယ်ချက်တွေ၊ လုပ်ဆောင်ချက်တွေ၊ ပြောဆိုရေးသားမှုတွေ၊ ရည်ရွယ်ချက်နဲ့လုပ်ဆောင်ချက်တွေဟာ အလွန်အန္တရာယ်များလှပါတယ်။

ဥပမာအားဖြင့် CDM ဆိုပြီး ဆေးရုံတွေမှာ ဆန္ဒပြကြတဲ့အတွက် အရင်ဦးဆုံးထိခိုက်တာက ပြည်သူတွေရဲ့ကျန်းမာရေးပဲ ဖြစ်ပါတယ်။ အခုလို ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်မှာ ဆေးရုံ၊ ဆေးခန်းတွေ မဖွင့်နိုင်တဲ့အတွက် ပြည်သူများရဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ၊ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာတွေ ရပ်ဆိုင်းရတဲ့အတွက် ပြည်သူတွေပဲ ဒုက္ခရောက်နေကြရတာ မျက်မြင်ပါပဲ။ ကြိုးကိုင်ခြယ်လှယ်နေတဲ့သူတွေ၊ လုပ်ဆောင်နေသူတွေကို မထိခိုက်ပါဘူး။ ဒီတော့ လုပ်ချင်တဲ့ရည်ရွယ်ချက်က တစ်ခု၊ ဖြစ်လာတဲ့အကျိုးဆက်က တစ်ခုပါ။

### အနာဂတ်နိုင်ငံနဲ့ ပြည်သူတွေကို ဖျက်ဆီး

ဒီနိုင်ငံအတွင်းမှာ ကျန်းမာရေးဆိုင်ရာတွေ ကျဆင်းလာရင် ဖြစ်လာမယ့်အကျိုးဆက်တွေကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ နိုင်ငံတစ်ခုရဲ့ ပညာရေး၊ ကျန်းမာရေးဆိုတာက လတ်တလော ကာလအတွက်သာ မကပါဘူး၊ အနာဂတ်အတွက်နဲ့ပါ သက်ဆိုင်နေပါတယ်။ ဘယ်အစိုးရတက်တက် ကျန်းမာရေးနဲ့ပညာရေးနိမ့်ကျနေသမျှ နိုင်ငံက နိမ့်ကျနေဦးမှာ၊ လူမှုစီးပွားဘဝတွေ နိမ့်ကျနေဦးမှာသေချာပါတယ်။ ဒီတော့ ကျန်းမာရေးဆိုင်ရာတွေက CDM လုပ်ကြတဲ့အတွက်ဖြစ်လာတဲ့အကျိုးဆက်က တည်ဆဲအစိုးရကို ဆန္ဒပြလိုခြင်းထက် အနာဂတ်နိုင်ငံနဲ့ ပြည်သူတွေကိုပါ ဖျက်ဆီးလိုခြင်းလို့ပဲ ဆိုရပါလိမ့်မယ်။

ဒါပေမယ့် နောက်ကွယ်ကနေ ကြိုးကိုင်ခြယ်လှယ်နေသူတွေ၊ ထောက်ပံ့ကူညီနေသူတွေ၊ ပါဝင်လုပ်ဆောင်နေသူတွေကတော့ တစ်ကိုယ်စာရှန်းထွက်သွားကြမှာပါ။ သူတို့ကိုယ်တိုင်၊ သူတို့ မိသားစု၊ သူတို့အသိုင်းအဝိုင်းကို အထိခိုက်မခံကြပါဘူး။ နောက်ဆုံးသတ္တုချခံစားရသူများကတော့ ပြည်သူများပဲ ဖြစ်ပါတယ်။ ကြားကနေ မထွား ခါးနာတာပဲ အဖတ်တင်ပါလိမ့်မယ်။

၁၉၈၈ အရေးအခင်းကို မီလိုက်သူများ ပိုသိနိုင်ပါတယ်။ ၈၈ အရေးအခင်းမှာ သေဆုံးသွားတဲ့သူတွေ၊ ထွက်ပြေးခဲ့ကြရတဲ့သူတွေ၊ ပညာရေး လွဲချော်သွားတဲ့သူတွေ၊ ဘဝပျက်သွားတဲ့သူတွေ ဆိုတာ မရေတွက်နိုင်ပါဘူး။ ကျောင်းတွေ နှစ်ရှည်ပိတ်ထားရတဲ့အတွက် ဖြစ်လာတဲ့နောက်ဆက်တွဲ အကျိုးဆက်တွေက အခုအချိန်ထိ အတောမသတ်နိုင်သေးပါဘူး။ အခုချိန်မှာ Gen Z ဆိုတဲ့ လူငယ်လူရွယ်များကို သွေးထိုးပေးနေကြပြန်ပါပြီ။ ဒီလူငယ်လေးတွေဟာ ၁၉၈၈ အရေးအခင်းကို မမီလိုက်ကြပါဘူး။ အဲဒီလိုလူငယ်လေးတွေကို သားသမီးချင်းကိုယ်ချင်းမစာ အသုံးချနေတဲ့သူတွေကိုကြည့်ရင် လက်တစ်ဆုပ်စာလူတစ်စုပဲ ဖြစ်ပါတယ်။ လူငယ်တွေရဲ့အနာဂတ်ကို ဖျက်ဆီးနေကြသူများလို့ပဲ သတ်မှတ်ရမှာပါ။

အခုလည်းပဲ ကျောင်းမတက်ရေးလှုံ့ဆော်နေကြတာတွေ့တော့ အတွေးအခေါ်နဲ့ လုပ်ဆောင်ချက်ကို အလွန်ပဲအံ့ဩမိပါတယ်။ တည်ဆဲအစိုးရကို ဆန္ဒပြချင်တာလား၊ လူငယ်တွေရဲ့ အနာဂတ်နဲ့ အနာဂတ်နိုင်ငံကို ဖျက်ဆီးချင်တာလားလို့ မေးချင်မိပါတယ်။ ပညာရေးကိုဖျက်ဆီးတာဟာ ဆန္ဒပြတာ မဟုတ်ပါဘူး၊ တည်ဆဲအစိုးရကို ဆန့်ကျင်တာ မဟုတ်ပါဘူး။ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးကို ဖျက်ဆီးနေခြင်းပဲ ဖြစ်ပါတယ်။ မျက်စိစုံမှိတ်ပြီး ကျားကျားမီးယပ်မဖြစ်ဖို့ လိုပါတယ်။ အသိတရားရှိရှိ သဘာဝကျကျ စဉ်းစားကြဖို့တော့ လိုပါတယ်။

အခုဆို ကျောင်းတွေပိတ်ထားတာ ကိုဗစ်-၁၉ စတင်ဖြစ်တဲ့အချိန် ၂၀၂၀ ပြည့်နှစ် မတ်လကတည်းက ဖြစ်ပါတယ်။ တစ်နှစ်ကျော် ကျောင်းတွေပိတ်ထားရလို့ ကျောင်းသား ကျောင်းသူတွေအတွက် များစွာနစ်နာနေပါပြီ။ သားသမီးချင်း ကိုယ်ချင်းစာကြည့်ကြဖို့ လိုပါတယ်။ ကျောင်းသား ကျောင်းသူတွေ ကျောင်းမတက်ကြရင် ဘယ်သူတွေ နစ်နာကြမလဲ၊ ဘယ်သူတွေ ထိခိုက်ကြမလဲ။ ဘယ်သူတွေရဲ့ ဘဝတွေ၊ အနာဂတ်တွေ ပျက်စီးကြမလဲ။ ကျောင်းတွေမတက်ရင် တည်ဆဲအစိုးရကို ထိခိုက်မှာလား၊ ကျောင်းသား ကျောင်းသူတွေကို ထိခိုက်မှာလားဆိုတာ စဉ်းစားကြဖို့လိုပါတယ်။



### အသိတရားမဲ့တဲ့ လုပ်ဆောင်မှု

အင်္ဂလိပ်တွေ အုပ်ချုပ်တဲ့ ကိုလိုနီခေတ်ကာလမှာတောင် လူငယ်တွေ ပညာကို ရအောင်ရှာခဲ့ကြတာပါ။ ကိုလိုနီပညာရေးကို သင်ကြားခဲ့ရတယ်ဆိုပေမယ့် အဲဒီကိုလိုနီပညာရေးအောက်ကပဲ နယ်ချဲ့ကို တော်လှန်ခဲ့ကြတာပါ။ အခုတော့ အားလုံးကို ပညာမဲ့အောင် လုပ်ဆောင်နေသလိုပါပဲ။ အသိတရားမဲ့တဲ့ လုပ်ဆောင်မှုလို့ သတ်မှတ်ရမှာပါ။ ကျောင်းသားတွေ ကျောင်းမတက်ဖို့ လှုံ့ဆော်နေတာတွေ၊ ကြေညာချက် ထုတ်တာတွေ၊ စည်းရုံးတာတွေ ရပ်တန်းက ရပ်သင့်ပါပြီ။ တစ်ချိန်မှာ နောင်တရကြပါလိမ့်မယ်။ နောက်ကွယ်က ကြိုးကိုင်နေသူတွေ၊ မြှောက်ပင့်ပေးနေသူတွေ သွေးထိုးတိုင်း လုပ်ရမယ့် အလုပ်မဟုတ်ပါဘူး။ သူတို့တစ်တွေက သူတို့အကျိုးစီးပွားနဲ့ ကျောင်းသားတွေရဲ့ ဘဝတွေကို အလဲအထပ်လုပ်နေကြတာပါ။ ဒီလိုရည်ရွယ်ချက်မမှန်တဲ့ လုပ်ဆောင်ချက်ဟာ ထွက်လာတဲ့ရလဒ်ကလည်း မမှန်နိုင်ပါဘူး။

ကျောင်းသားတွေဆိုတာ ရည်မှန်းချက်ရှိတယ်၊ အနာဂတ်ရှိတယ်၊ မျှော်လင့်ချက်ရှိတယ်၊ အလားအလာတွေရှိနေပါတယ်။ ဒီလိုကျောင်းသားတွေဟာ ထူးချွန်ထက်မြက်တဲ့ ပညာတတ်နိုင်ငံ့သားကောင်းများဖြစ်ဖို့ လိုပါတယ်။ တိုးတက်တဲ့နိုင်ငံတိုင်းဟာ ပညာရေးနဲ့ တည်ဆောက်ခဲ့ကြတာပါ။ မြန်မာနိုင်ငံကို ရေရှည်တိုးတက်ဖို့ တည်ဆောက်မယ်ဆိုရင် ပညာရေးကို တိုးတက်အောင် အားပေးမြှင့်တင်ကြဖို့ လိုပါတယ်။ ပညာရေးကို မတည်ဆောက်ဘဲနဲ့ နိုင်ငံတကာနဲ့ယှဉ်ဖို့ ဝေးနေပါလိမ့်ဦးမယ်။

အဲဒီတော့ ကျောင်းမတက်ဖို့ လှုံ့ဆော်နေတာတွေ၊ တိုက်တွန်းနေတာတွေက ဘယ်လိုရည်ရွယ်ချက်လဲဆိုတာ သိသာနေပါတယ်။ ဒါ့အပြင် ကျောင်းတက်လိုသူ ကျောင်းသား ကျောင်းသူတွေ၊ သင်ကြားရေး ဆရာ ဆရာမတွေကို social punishment ဆိုပြီး လုပ်ဆောင်နေတာတွေကလည်း စိတ်ဓာတ်အောက်တန်းကျတဲ့ အလုပ်တွေပဲ ဖြစ်ပါတယ်။ ကြွက်မနိုင် ကျီမီးနဲ့ရှို့တဲ့ ပညာမဲ့၊ ကျင့်ဝတ်မဲ့တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီလိုလားသူများ ဆိုသူတွေက လွတ်လပ်စွာ သဘောကွဲလွဲခွင့်ဆိုတဲ့ ဒီမိုကရေစီ အခြေခံသဘောကိုမှ နားမလည်၊ မလိုက်နာဘဲနဲ့တော့ ခပ်ရိုင်းရိုင်း ဥပမာပေးရရင် ခွေးကို ပါးချပ်တပ်ပေးသလိုပဲ ဖြစ်ပါလိမ့်မယ်။ ခွေးကို ပါးချပ်တပ်ပေးရုံနဲ့ မြင်းမဖြစ်ပါဘူး။ ခွေးဟာ ခွေးပါပဲ။ ဒီမိုကရေစီကိုလိုလားရင် ကိုယ့်အခွင့်အရေး၊ သူတစ်ပါး အခွင့်အရေးကို နားလည်လက်ခံရပါလိမ့်မယ်။ ဒီလို မဟုတ်ဘဲ မီးများလိုပဲ ကိုယ်ကိုယ်တိုင်လည်းလောင်၊ သူတစ်ပါးကိုလည်း လောင်ကျွမ်းစေမယ်ဆိုရင် လူမမည်သောလူသာ ဖြစ်သွားပါလိမ့်မယ်။

### အချိန်မီ တားဆီးဖို့တိုက်တွန်း

နိုင်ငံကို ချစ်တယ်ဆိုရင်၊ ပြည်သူတွေကို ချစ်တယ်ဆိုရင် လက်တွေ့ကျကျ ချစ်ပြဖို့ လိုပါတယ်။ ကျန်းမာရေးကို ဖျက်ဆီး၊ ပညာရေးကို ဖျက်ဆီးနေတာဟာ နိုင်ငံကို ချစ်တာမဟုတ်ပါဘူး၊ ပြည်သူကို ချစ်တာ မဟုတ်ပါဘူး၊ ဖျက်ဆီးနေကြတာပါ။ ဒီလို ဖျက်ဆီးနေကြသူတွေဟာ ဒီမိုကရေစီကို လိုလားတယ်ဆိုတာ အပြောတခြား အလုပ်တခြားပဲ ဖြစ်ပါလိမ့်မယ်။ တစ်နည်းအားဖြင့်တော့ ဒီမိုကရေစီကို ခုတုံးလုပ်နေကြသူတွေပဲ ဖြစ်ပါလိမ့်မယ်။ ဒီလိုလူတွေက နုနယ်ပြီး အပြစ်ကင်းတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝ ကို ဖျက်ဆီးဖို့ ရည်ရွယ်လုပ်ဆောင်နေကြပါပြီ။ အချိန်မီ ထိထိရောက်ရောက် ဝိုင်းဝန်းတားဆီးကြဖို့ တိုက်တွန်း လိုပါတယ်။

နောက်ပြီး ကျောင်းသားတွေကို လမ်းညွှန်ပြသ သင်ကြားပေးနေကြတဲ့ ဆရာ ဆရာမများဆိုတာ ဥယျာဉ်မှူးလို့ **စာမျက်နှာ ၇ သို့**

**❍ ကျောင်းမတက်ဖို့ လှုံ့ဆော်နေတာတွေ၊ တိုက်တွန်းနေတာတွေက ဘယ်လိုရည်ရွယ်ချက်လဲဆိုတာ သိသာနေပါတယ်။ ဒါ့အပြင် ကျောင်းတက်လိုသူ ကျောင်းသား ကျောင်းသူတွေ၊ သင်ကြားရေး ဆရာ ဆရာမတွေကို social punishment ဆိုပြီး လုပ်ဆောင်နေတာတွေကလည်း စိတ်ဓာတ် အောက်တန်းကျတဲ့ အလုပ်တွေပဲ ဖြစ်ပါတယ်။ ကြွက်မနိုင် ကျီမီးနဲ့ရှို့တဲ့ ပညာမဲ့၊ ကျင့်ဝတ်မဲ့တဲ့ လုပ်ရပ်ပဲ ဖြစ်ပါတယ်**

# ဒုတိယဝန်ကြီး ဦးကိုကိုလွင် သာဂရစက်မှုနယ်မြေရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ) အစည်းအဝေးခန်းမ၌ အမှတ်(၁၄)အကြီးစားစက်ရုံ၊ အမှတ်(၁၅)အကြီးစားစက်ရုံနှင့် အမှတ်(၂၆) အကြီးစားစက်ရုံတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနများပြုလုပ်ခြင်း၊ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ ဓာတ်ခွဲခန်းများ ထူထောင်ခြင်း၊ စက်မှုဇုန်များဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းများ ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်းဖြင့် Regulatory Body အဖြစ် ရပ်တည်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်းလျှော့ချ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Private Public Partnership – PPP အဖြစ် အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိကြောင်း၊ သာဂရစက်မှုနယ်မြေရှိ စက်ရုံ၊ အလုပ်ရုံများအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် EoI ခေါ်ယူခဲ့သော်လည်း လျှောက်ထားတင်ပြလာသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ မရှိခဲ့ပါကြောင်း၊ အချို့နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံတော်အတွက် အကျိုးရှိအောင် အသုံးချနိုင်မည့် အခြားသင့်လျော်သည့် ဝန်ကြီးဌာနတစ်ခုခုက တောင်းခံလာပါက လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများအတွက် Management နှင့် Operation System သာပြောင်းလဲသွားမည်ဖြစ်ပြီး မိမိတို့၏ မူလတာဝန်များကိုသာ ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် Active ပြန်လည်ဖြစ်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် စက်မှုသင်တန်းကျောင်းများမှလည်း စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို Up Skilling နှင့် Re Skilling များ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ရာထူးအနွယ်ပိုင်ဆိုင်ခွင့်၊ အလုပ်ခွင်တည်မြဲခွင့် ရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကျွမ်းကျင်တတ်မြောက်ထားသည့် ပညာရပ်များကို နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အကျိုးရှိအောင် အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့်စာရေးဆရာမ နန္ဒာခင်(သက္ကလမြေ) ၏ "မျိုးနှင့် အခြားရသစာစုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် သားသမီးဇောကြောင့် အတ္တစိတ်ဟူသော မျိုးဥရှိနေသူများအကြောင်း ရေးဖွဲ့ထားသည့် "ဥ"၊ အလှအပကို ခုံမင်လွန်းသူ အိမ်ထောင်ရှင်မတစ်ဦး၏ မေ့လျော့နေသော ဝတ္တရားများအကြောင်းရေးဖွဲ့ထားသည့် "မေ့"၊ လူ့လောကအရှုပ်များကို တရားဖြင့်ရှင်းထုတ်လေ့ရှိသူအကြောင်းရေးဖွဲ့ထားသည့် "ရှင်း"၊ သစ်ပင်ပန်းပင်များ၊ တိရစ္ဆာန်များကို နိုင်ငံခြားမျိုးများနှင့် မျိုးစပ်ပြီး စိုက်ပျိုးမွေးမြူခြင်းသည် လုပ်သင့်သောအလုပ်ဖြစ်သော်လည်း ခံစားချက်များ၊ ထောက်ထားစရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးနွယ်ကို ထိန်းသိမ်းရမည့်တာဝန်များ၊ မျိုးချစ်စိတ်ဓာတ်များရှိနေသည့် မြန်မာတိုင်းရင်းသားများအဖို့ မျိုးရိုးဗီဇကို သီးသန့်တန်ဖိုးထားသင့်ကြောင်း ရေးဖွဲ့ထားသည့် "မျိုး" စသည်တို့အပါအဝင် ရသစာစု ၁၃ ပုဒ်ပါဝင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၇၀၀ ဖြင့် အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈)၊ အမှတ် (တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇– ၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း–၀၂– ၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉– ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း–၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✻ *ကျော်ဖုံးမှ*

မရှိသည်ကို တွေ့ရသည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်း တိုက်စစ်တွင် ဦးဆောင်လာသည့် ဘင်ဇီမာသည် အဆိုပါပွဲတွင် ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ယနေ့ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းသည် ချယ်ဆီးအိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဆိုသော်ငြား တိုက်စစ်ပိုင်း ဦးစားပေးပြီး အဆုံးသတ်သေချာခဲ့လျှင် ချယ်ဆီးအသင်းကို အနိုင်ရရှိဖွယ်ရှိသည်။ ချယ်ဆီးအသင်းက ပထမအကျော့တွင် မောင့်၊ ကန်တီ၊ ပူလီဆစ်စသည့်ကစားသမားများ ခြေစွမ်းပြသနိုင်ခဲ့ပြီး ယနေ့ပွဲစဉ်တွင် ထပ်မံခြေစွမ်းပြသနိုင်ပါက ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြေရှိသည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ဖူလ်ဟမ်အသင်းနှင့် ပရီမီယာလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားသည့်အတွက် ခြေစွမ်းတည်ငြိမ်နေသည်ကို တွေ့ရသည်။ ထို့အတူ ပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းကလည်း ယခုပွဲစဉ်မတိုင်မီ အိုဆာဆူနာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားသောကြောင့် ခြေစွမ်းတက်လာသည်ဟု ဆိုနိုင်ပေသည်။ အမှတ်ပေးဇယားတွင် ချယ်ဆီးအသင်းက လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရုန်းကန်နေရသည့်အသင်းဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်းက ဦးဆောင်သူ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ရမှတ်ကွာဟမှု နှစ်မှတ်သာရှိသောကြောင့် အမှတ်ပေးဖလားဆွတ်ခူးရန် အခွင့်အရေးရှိနေသည့်အသင်းဖြစ်သည်။

ချယ်ဆီးအသင်းသည် ယနေ့ပွဲစဉ်ပြီးလျှင် မန်စီးတီး၊ အာဆင်နယ်၊ လက်စတာစသည့်အသင်းကြီးများကို ဆက်တိုက်ရင်ဆိုင်ကစားရမည်ဖြစ်သော်လည်း ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်ရောက်နိုင်ရန်အတွက် ယခုပွဲစဉ်ကို နည်းပြတူချယ် စိတ်ကြိုက်ကစားသမားများအား ရွေးချယ်ကာ အသုံးပြုလာဖွယ်ရှိနေသည်။ ရီးရဲမက်ဒရစ်အသင်းကလည်း ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် မိုဒရစ်၊ ခရူးစ်၊ ဘင်ဇီမာ၊ ဗင်နီစီးယပ်စ်စသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာဖွယ်ရှိနေသည်။

ထို့ကြောင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်လှမ်းသွားမည့်အသင်းက ချယ်ဆီးလား၊ ရီးရဲမက်ဒရစ်အသင်းလားဆိုသည်ကို မေ ၆ ရက်နံနက်တွင် ဆုံးဖြတ်ပေးသွားတော့မည်ဖြစ်သည်။ **အောင်ဇော်**

✻ *ကျော်ဖုံးမှ*

အုပ်စု (E) ကို ကာတာ၊ အုပ်စု (F) ကို ဂျပန်၊ အုပ်စု (G) ကို ယူအေအီးနှင့် အုပ်စု (H) ကို တောင်ကိုရီးယားနိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲပေါင်း ၆၀ ကျင်းပရန်ကျန်ရှိနေပြီး မြန်မာ့လက်ရွေးစင်အသင်းမှာလည်း သုံးပွဲကစားရန် ကျန်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စု (F) တွင် ကျရောက်နေပြီး လက်ကျန်ပွဲများကို ဂျပန်နိုင်ငံတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် မေ ၂၈ ရက်တွင် ဂျပန်အသင်း၊ ဇွန် ၁၁ ရက်တွင် ကာဂျစ္စတန်အသင်း၊ ဇွန် ၁၅ ရက်တွင် တာဂျစ်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအုပ်စုတွင် ဂျပန်အသင်းက ငါးပွဲကစား ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး တာဂျစ်ကစ္စတန်အသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ ကာဂျစ္စတန်အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ မြန်မာအသင်းက ငါးပွဲကစား ခြောက်မှတ်၊ မွန်ဂိုလီးယားအသင်းက ခုနစ်ပွဲကစား သုံးမှတ်ရရှိထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးယှဉ်ပြိုင်ခဲ့ပြီး တစ်နှစ်ကျော်ကြာမှ ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) တတိယအဆင့်ခြေစစ်ပွဲများကို ယခုနှစ်ကုန်ပိုင်းတွင် ဆက်လက်ကျင်းပရမည်ဖြစ်သောကြောင့် အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဇွန်လတွင် အပြီးကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

**ရဲရင့်လွင်**

*စာမျက်နှာ ၆ မှ*

တင်စားဂုဏ်ပြုကြတာပါ။ အမှန်တကယ်လည်း အနာဂတ်ခေါင်းဆောင်တွေကို ပြုစုပျိုးထောင်ကြသူများလည်း ဖြစ်ကြပါတယ်။ ဒီတော့ ကျောင်းသားကျောင်းသူများကို ဦးဆောင်နေကြတဲ့ ဆရာဆရာမများကိုယ်တိုင်က တည်ဆဲအစိုးရကို မကြိုက်လို့ ဆန့်ကျင်တာနဲ့ ပညာရေးကို ဖျက်ဆီးတာကိုတော့ ခွဲခွဲခြားခြားနားလည်ကြစေချင်ပါတယ်။ ကိုယ်မကြိုက်ရင် ကိုယ်တစ်ယောက်တည်းပဲ ဆန့်ကျင်ပါ။ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝတွေကိုတော့ မဖျက်ဆီးသင့်ပါဘူး။ ဆရာတစ်ယောက်ရဲ့ ကျင့်ဝတ်နဲ့မညီသလို ပညာတတ်တစ်ယောက်ရဲ့ တွေးခေါ်ယူဆမှုလို့လည်း သတ်မှတ်လို့မရပါဘူး။ ဆရာ ဆရာမတွေအနေနဲ့ လူဆိုးတွေကို မွေးထုတ်မှာလား၊ နိုင်ငံ့သားကောင်းများကို မွေးထုတ်ကြမှာလားဆိုတာ သတိပြုစေလိုလှပါတယ်။ တပည့်မကောင်း ဆရာ့ခေါင်း မဖြစ်စေလိုပါဘူး။ ဆရာမကောင်းလို့ မိဘသတ်တဲ့သား ဖြစ်သွားတဲ့အတွက် ဆရာလည်း မကောင်း တပည့်လည်းမကောင်း၊ ဖြစ်လာတဲ့ အကျိုးဆက်လည်း မကောင်းပါဘူး။

### လူငယ်များရဲ့အနာဂတ် ဖျက်ဆီးရေးလို့မြင်

မြန်မာ့ပညာရေး ဦးမော့လာအောင် ပြုပြင်ပြောင်းလဲလုပ်ဆောင်နေတာတွေ အများကြီးပါ။ ၂၀၁၁ ခုနှစ်ကစလို့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ထိပ်တန်းဦးစားပေးအနေနဲ့ လုပ်နေပါတယ်။ ထိုက်သင့်တဲ့ တိုးတက်မှုတွေလည်း ရှိနေပါပြီ။ ဒီလိုတိုးတက်လာတာဟာ ကျောင်းသားကျောင်းသူတွေ အနာဂတ်အတွက်၊ နိုင်ငံ့အနာဂတ်တည်ဆောက်ရေးအတွက် ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ကလေးတွေရဲ့ပညာရေးကို ပြန်မနိမ့်ကျစေချင်ပါဘူး။ ထပ်ပြီးမြင့်တက်လာဖို့ပဲ မျှော်လင့်မိပါတယ်။ ကလေးတွေ ပညာရေးမြင့်တက်ဖို့ ကျောင်းသား၊ မိဘ၊ ဆရာ ဟန်ချက်ညီကြဖို့လိုပါတယ်။ ကျောင်းမတက်ရေး လှုံ့ဆော်နေတာတွေကိုလည်း ကျောင်းသား၊ မိဘ၊ ဆရာများအပြင် သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း အချိန်မီတားဆီးပေးကြဖို့ လိုပါလိမ့်မယ်။ ကျောင်းမတက်ရေး လှုံ့ဆော်မှုနောက်ကွယ်က ရည်ရွယ်ချက်က တည်ဆဲအစိုးရကို ဆန့်ကျင်ဆန္ဒပြရေးထက်ပိုတဲ့ နိုင်ငံ့ပညာရေး နိမ့်ကျရေး၊ လူငယ်များရဲ့အနာဂတ်ဖျက်ဆီးရေး၊ နိုင်ငံ့အနာဂတ်ဖျက်ဆီးရေးလို့ မြင်မိပါတယ်။

ဒီနေရာမှာ ကျောင်းသားလူငယ်တွေ ပညာရေးအတွက် အရေးကြီးတဲ့သူတစ်ဦးကတော့ မိဘတွေပဲ ဖြစ်ပါတယ်။ မိဘတွေအနေနဲ့ နိုင်ငံရေးနဲ့ ပညာရေးအကြား ခွဲခွဲခြားခြား ဖြစ်ဖို့လိုပါတယ်။ နိုင်ငံရေးလုပ်ချင်တယ်ဆိုရင်လည်း ပညာတတ်နိုင်ငံရေးလုပ်စေချင်တာလား၊ ပညာမဲ့နိုင်ငံရေးလုပ်စေချင်တာလားလို့ မေးချင်ပါတယ်။ မိဘတွေအနေနဲ့ မျက်တောင်မွေးတစ်ဆုံးအမြင်ထက် မျက်စိတစ်ဆုံးအမြင် ကြည့်စေချင်ပါတယ်။ ဒါမှလည်း ကိုယ့်သားသမီးပညာရေးအတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်၊ မှန်ကန်တဲ့လမ်းညွှန်မှုတွေ ပေးနိုင်မှာပါ။ သူ့သားသမီး၊ ကိုယ့်သားသမီး ကိုယ်ချင်းစာတရားနဲ့ စဉ်းစားပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။

အခုလို တိုက်တွန်းရတာက အစွန်းရောက်အတွေးတွေနဲ့ လုပ်ဆောင်ချက်တွေနောက် နားမယောင်ကြဖို့၊ ကျောင်းသား ကျောင်းသူတွေကို သားသမီးချင်း ကိုယ်ချင်းစာလို့၊ မဖြစ်သင့်တာ မဖြစ်စေလိုတဲ့ ရည်ရွယ်ချက်သာ ဖြစ်ပါတယ်။

# ဒုတိယဝန်ကြီး ဦးမင်းထိန် ကရင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျေးလက်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မေ ၁ ရက် ညနေပိုင်းတွင် မြဝတီမြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်နေသည့် စုပေါင်းဝန်ထမ်းအိမ်ရာသို့ကြည့်ရှုရာ ညွှန်ကြားရေးမှူး ဦးသူရိန်က အသေးစိတ်ရှင်းလင်းတင်ပြသည်။



### ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရန်နှင့် အရည်အသွေးများ ကောင်းမွန်ရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ်(၂) တံတား(မြဝတီ)ကို မြန်မာဘက်ကမ်းမှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြဝတီမြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေပူကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်နိုင်ထွန်းက လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်မှ ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်၍ အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

### ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာမည်

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဘားအံ-နောင်လုံ လမ်းပိုင်း ၆ မိုင် - ၇ ဖာလုံ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ လမ်းပိုင်းသည် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လမ်းအရှည် ၁၃ မိုင်ရှိပါကြောင်းနှင့် ၎င်းလမ်းပိုင်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးပါက ဘားအံ-အိန္ဒူ-မြဝတီ လမ်းပိုင်းတစ်ခုလုံး နိုင်လွန်ကတ္တရာလမ်းအဆင့် ရရှိမည်ဖြစ်ပြီး ဒေသတွင်းကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့၍ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဘားအံ-လှိုင်းဘွဲ့လမ်းပိုင်း နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

### အရည်အသွေးကောင်းရန် အလေးထား

မေ ၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ကရင်ပြည်နယ် လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် လမ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးခဲ့ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ အရေးကြီးသည့် ဦးဆောင်မှုအပိုင်းတွင် ပါရှိပါကြောင်း၊ လမ်းကဏ္ဍသည် အထူးဆောင်ရွက်နေရပါကြောင်း၊ နည်းပညာကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးရမည်ဖြစ်ပါကြောင်း၊ လမ်းများသည် ကွန်ရက်သဖွယ် ချိတ်ဆက်လျက်ရှိပြီး လမ်းအရည်အသွေးကောင်းရန် အလေးထားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး ပေးအပ်သည့်တာဝန်များကို အလေးအနက်ထား ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိအဖွဲ့အစည်းကို အမြဲတမ်းစည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ကြရန် မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဝန်ထမ်းများ၏ တင်ပြချက်များကို ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၁-၂၀၂၂ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
❖ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
❖ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ(Face Shield) တပ်ဆင်ရန်။
❖ လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။

---

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၁-၂၀၂၂ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ၊ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ(Face Shield) တပ်ဆင်ရန်။
❖ လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# မိုးဦးရေအေး မေတ္တာဆေးနဲ့ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ

............ မောင်ပြည်ချစ် ............

**နွေနေ၏ ပူပြင်းလှသောဒဏ်ကို မြန်မာပြည်သူတို့ အလူးအလဲ ခံခဲ့ကြရသည်။ ယခုတော့ မိုးဦးရေအေးလေး ရွာသွန်းဖြိုးလိုက်သည့်အခါ နိုင်ငံသူနိုင်ငံသားများ ရင်ထဲ အေးချမ်းလာပြီး စိတ်နှလုံးများလည်း ရွှင်လန်းလာကြလေသည်။**

နွေ၊ မိုး၊ ဆောင်း ရာသီသုံးခုတွင် အေးမြသော ရာသီနှစ်ခုဖြစ်သည့် မိုးရာသီနှင့် ဆောင်းရာသီကို လူအများစုက နှစ်သက်သဘောကျကြပါသည်။ ပူပြင်းသည့် အခြေအနေ၊ ခြောက်သွေ့သည့်ရုပ်ဝန်း၊ မီးဘေးအန္တရာယ်များလှသော နွေရာသီကို ခုံမင်မက်မောတမ်းတသူနည်းပါးသည်မှာ သဘာဝပင် ဖြစ်ပါသည်။

မြန်မာ့ဆိုရိုးစကားများထဲတွင် "မိုးရွာမှ ပျိုးသာမည်" စကားကို မြန်မာတိုင်းလိုလို သိရှိကြသည်။ တောင်သူလယ်သမား ပေါများလှသော စိုက်ပျိုးရေးနိုင်ငံဖြစ်ခဲ့သည့်အတွက် မိုးရွာမှ ပျိုးသာမည် စကားကို မြန်မာနိုင်ငံသားအားလုံးက ရှင်းရှင်းလင်းလင်း သိရှိနားလည် သဘောပေါက်ကြပြီး ဖြစ်ပါသည်။ အခြားသိသင့်သော ဆိုရိုးစကားတစ်ခုမှာ "မိုးတစ်စက် ရေတစ်ရွက်" ဖြစ်ပါသည်။ အပင်များရှင်သန်ရေးအတွက် မိုးရေတစ်စက်သည် ရေတစ်အိုးစာမျှ တာသွားသည်။ ဆိုလိုရင်း အနက်အဓိပ္ပာယ်မှာ စပါးကောက်ပင်တို့နှင့်တကွ သစ်ပင်ဟူသမျှတို့၏ ရှင်သန်ရာရှင်သန်ကြောင်း မိုးရေပင်ဖြစ်၍ "မိုးတစ်စက် ရေတစ်ရွက်" ဟု ရှေးလူကြီးသူမတို့က ဆိုရိုးစကားပြုခဲ့ကြခြင်း ဖြစ်သည်။

## ပူလောင်ခြင်းများ ကင်းစေချင်

ပူလောင်ခြောက်သွေ့ အိုက်စပ်ခြင်းများခံစားနေရသည့် မြန်မာပြည်သူ ပြည်သားများ မိုးဦးရေအေးလေးကြောင့် စိတ်နှလုံးများ ရွှင်ပြုံးလန်းဆန်းစေလာမည်ဟု ခံစားနားလည်မိပါသည်။ ရာသီဥတု၏ သက်ရောက်မှုသည် လူသားများသို့ အတိုင်းအတာတစ်ခုအထိ ကောင်းခြင်း၊ ဆိုးခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရာသီဥတုကိုအမည်ခံကာ လူသားများနှင့် လူ့အသိုက်အဝန်း ပျက်စီးစေကြောင်း ဖန်တီးလုပ်ဆောင်မှုများသည်လည်း လူနှင့် လူ့ပတ်ဝန်းကျင်ကို သာယာပျော်ရွှင်မှုများ ပေးစွမ်းနိုင်မည် မဟုတ်ကြောင်း နားလည်ကြပါသည်။ တရားဥပဒေမဲ့ ပြုကျင့်လုပ်ဆောင်မှုများ၊ ဖျက်ဆီးမှုများ၊ ရိုင်းပျမှုများ၏ အဆုံးသတ်သည် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေစည်းမျဉ်းများ အတိုင်းသာ အရေးယူဆောင်ရွက်ကြရသည်ကို လူအများစု နားလည်သိရှိထားပြီးသား ဖြစ်ပါသည်။

> ☆ နွေဦးတော်လှန်ရေး ခေါင်းစဉ်ဖြင့် မြန်မာပြည် ပျက်သုဉ်းရေးလမ်းစဉ်ကို ကျင့်သုံးနေကြသော တရားမဲ့ဝါဒီများ၏ ရန်စွယ်အန္တရာယ်သည် အလွန်တရာ ကြီးမားလှပါသည်။ အဆိုပါအန္တရာယ်သည် နိုင်ငံသူ၊ နိုင်ငံသားများကို မီးလိုပူလောင်စေပြီး ကန္တာရလိုလည်းခြောက်သွေ့စေလှပါသည်။ လက်ရှိကာလတွင် ကြုံတွေ့နေကြရသော အခြေအနေများသည် ရည်ရွယ်ချက်မဲ့၊ တရားလက်လွတ်၊ ဥပဒေမဲ့ အာဏာကို အာသာငမ်းငမ်းတက် လိုချင်ပြီး လုပ်ပိုင်ခွင့်များကိုအလွဲသုံး၍ ပြည်သူအပေါ် လှည့်စားနေကြသော နိုင်ငံရေးမသမာသူ လူတချို့၏ တို့မီး ရှို့မီးများကြောင့်ဖြစ်သည်ကို ပြည်သူအများ အထူးသတိချပ်သင့်

နွေဦးတော်လှန်ရေး ခေါင်းစဉ်ဖြင့် မြန်မာပြည် ပျက်သုဉ်းရေးလမ်းစဉ်ကို ကျင့်သုံးနေကြသော တရားမဲ့ဝါဒီများ၏ ရန်စွယ်အန္တရာယ်သည် အလွန်တရာကြီးမားလှပါသည်။ အဆိုပါအန္တရာယ်သည် နိုင်ငံသူ၊ နိုင်ငံသားများကို မီးလိုပူလောင်စေပြီး ကန္တာရလိုလည်းခြောက်သွေ့စေလှပါသည်။ လက်ရှိကာလတွင် ကြုံတွေ့နေကြရသော အခြေအနေများသည် ရည်ရွယ်ချက်မဲ့၊ တရားလက်လွတ်၊ ဥပဒေမဲ့အာဏာကို အာသာငမ်းငမ်းတက် လိုချင်ပြီး လုပ်ပိုင်ခွင့်များကို အလွဲသုံး၍ ပြည်သူအပေါ် လှည့်စားနေကြသော နိုင်ငံရေးမသမာသူ လူတချို့၏ တို့မီးရှို့မီးများကြောင့် ဖြစ်သည်ကို ပြည်သူအများ အထူးသတိချပ်သင့်ပါသည်။

ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၊ အတ္တဝါဒီများ၏ မီးစပျိုးကာ အဓိပ္ပာယ်မဲ့ လမ်းပေါ်ထွက်၍ ဥပဒေများကို ဆန့်ကျင်ကြရန် ဖန်တီးဖော်ဆောင်နေကြခြင်းသည် ယင်း တို့ပြုခဲ့သည့် မတော်လောဘဖြင့် အရှက်မဲ့သော ဖြစ်ရပ်များကို "မိုးကြိုးပစ်ရာ ထန်းလက်နဲ့ကာသလို" လုပ်ဆောင်နေကြခြင်း ဖြစ်ပါသည်။ တရားလက်လွတ် အစဉ်တစိုက် ပြုကျင့်ခဲ့မှုများကို မသိနားမလည်သော လူငယ်လူရွယ်များ၊ ရိုးသားမှုအရင်းခံရှိသော ပြည်သူများအပေါ် နိုင်ငံရေးဓားစာခံလုပ်နေခြင်းကို ကြည့်နိုင်မြင်နိုင် သတိထားနိုင်ကြရန် လိုအပ်လှပါသည်။ ပြည်သူတစ်ဦးချင်းစီ ပူလောင်သော စိုးရိမ်သောကဗျာပါဒများ ကင်းဝေးမှသာ လူမှုစီးပွားများ ဖွံ့ဖြိုးဝေဆာ သာယာလာမည် ဖြစ်ပါသည်။

## ကိုယ်တိုင်ဖော်ရမည့်ဆေး

ရောဂါဝေဒနာ စွဲကပ်လာပါက ဆေးထိုး၊ ဆေးသောက်၊ ဆေးကုသကြရမည် ဖြစ်ပါသည်။ ရောဂါမကျွမ်းမီ အသိစောပါမှ အသက်ဘေးက လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။ လောကလူ့ရွာတွင် ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်မီကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း လူတိုင်း နားလည်လက်ခံထားကြပါသည်။ ကိုယ်တိုင်လည်း အကျိုးမရှိ၊ အများအတွက်လည်း အရာမထင်၊ ဥပဒေဘောင်အပြင်ကို ကျော်လွန်ပြီး လူသတ်၊ မီးရှို့၊ ဖျက်ဆီး၊ ဆန့်ကျင်၊ မတရားသော လုပ်ငန်းစဉ်များကို ပါဝင်လုပ်ဆောင်စေရန် ဖိအားပေးခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊ မက်လုံးပေးခြင်း စသည့်နည်းလမ်းမျိုးစုံအောက်တွင် မိမိတို့၏ဘဝနှင့် မိမိ မိသားစုများ၏ဘဝများ စတေးမခံမိစေရေးသည် မိမိတို့ကိုယ်တိုင် မိမိစိတ်အပေါ် ပိုင်းခြား သိမြင်ကြရမည် ဖြစ်ပါသည်။

ကိုယ်တိုင်အသိအမြင်ဖြင့် သူတစ်ပါးထံမှ ကူးစက်လာမည့် အပူသောကမီးများကို ကာကွယ်နိုင်ရေးသည် မိမိ၏စိတ်သာလျှင် အဓိကဖြစ်ပါသည်။ မိမိ၏ မှန်ကန်သော အသိ၊ ကြည်လင်သော အမြင်၊ ဖြောင့်မတ်ခိုင်မာသော ဆုံးဖြတ်ချက်များကို ပကတိအရှိတရားများအပေါ် အခြေခံ၍ ကိုယ့်ဘဝလမ်းကြောင်းကို မိမိကိုယ်တိုင် ဖြောင့်တန်းစွာ တည်ဆောက်ကြရမည် ဖြစ်ပါသည်။ အဆိုပါစိတ်ထားသည် မိမိဘဝခရီးလမ်း သာယာဖြောင့်ဖြူးရေးအတွက် ကိုယ်တိုင်ဖော်သော အစွမ်းထက်သည့်ဆေး တစ်လက်ပင်ဖြစ်ပါသည်။

## ငြိမ်းချမ်းပျော်ရွှင် ကြည်နူးကြစေချင်

**"မီးရောင်၊ လရောင်၊ နေအရောင်၊ ဉာဏ်ရောင် လွှမ်း၍မိုး"** ဆိုရိုးစကားအတိုင်း လောက၌ နေရောင်၊ လရောင်၊ မီးရောင်၊ ပညာအရောင်ဟူ၍ အရောင်လေးပါး ထင်ရှားရှိရာတွင် ပညာရောင်သည်သာလျှင် အဆ ရာထောင်မက ထွန်းပ ဝင်းဝင်း လင်းစေနိုင်ကြောင်း ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။

အဆိုပါတရားတော်နှင့်အညီ လူသားတို့သည် ပညာဉာဏ်အသိဖြင့် မိမိတို့ဘဝ မိမိတို့ ကမ္ဘာကို ကြည်နူးရွှင်ပျလှပစွာ တည်ဆောက်ကြရမည် ဖြစ်ပါသည်။ ညီညွတ်မျှတ၊ တရားနည်းလမ်းကျသော လောကပါလတရားများကို လက်ကိုင်ထားပြီး အပျက်သဘောဆောင် အတ္တသဘော လူ့ဘောင်ဖော်ဆောင်နေသူများရန်မှ ကင်းဝေးကြပါစေ။ ငြိမ်းချမ်းပျော်ရွှင်သော လူမှုအသိုက်အဝန်းကို မိမိကစ ဖော်ဆောင်ပြ၍ ရပ်ရွာအေးချမ်းသာယာသော မြန်မာပြည်ကြီး ဖြစ်ပါစေကြောင်း မိုးဦးရေအေး မေတ္တာဆေးတစ်ခွက် ဆုမွန်ခြွေတောင်းဆုစကားဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ ။

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် မေ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်နေခြည်(ပြည်)၏ "နှလုံးသားထဲက ခဲလက်ရေးနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။**

ယင်းစာအုပ်တွင် နှလုံးသားထဲက ခဲလက်ရေး၊ မြေအိုးတစ်လုံး၏ လားရာ၊ ကျွန်တော်တို့ ရွာသားစကားဥပမာ၊ လောကဇာတ်ခုံ အလုံးစုံ၊ အဖေ၏ဆန္ဒ စသည့် ဝတ္ထုတို ၁၁ ပုဒ် ပါဝင်သည်။ အဆိုပါဝတ္ထုများသည် ကျေးရွာအခြေပြု ဝတ္ထုများဖြစ်ပြီး ပန်းရန်သံလက်ကိုင်၊ ကောက်စိုက်စည်းသူကြီး၊ ငှက်ထောင်သမား၊ ငါးဖမ်းသူ စသည့် အခြေခံလူတန်းစားများ ဖြတ်သန်းကြရသော ဘဝအတွေ့အကြုံများကို ပေါ်လွင်ထင်ရှားအောင် ရေးဖွဲ့ထားသည့်အတွက် စာဖတ်ပရိသတ်များအား သုတရော ရသပါ ပေးစွမ်းနိုင်မည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ် ရောင်းဈေးငွေကျပ် ၁၃၀၀ ဖြင့် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၆၇-၃၄၁၄ ၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်း နှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂- ၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မြစည်းခုံဘုရားကြီး၌ သန့်ရှင်းရေးပြုလုပ်ပြီး အလှူငွေလှူဒါန်း

**တောင်ငူ မေ ၄**

(၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ စိန်ရတုအထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သမိုင်းဝင် မြစည်းခုံဘုရားကြီး၌ မေ ၄ ရက် နံနက်ပိုင်းက တောင်ငူခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ထွန်း ဦးဆောင်၍ တောင်ငူခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းအင်အား ၅၀ ကျော်တို့က သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းနှင့် နဝကမ္မအလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

မေ ၅ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စိန်ရတုအထိမ်းအမှတ် ကုသိုလ်အဖြစ် တောင်ငူခရိုင် မီးသတ်ဦးစီးမှူးရုံး၌ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ ၀၄၈

● *ကျောဖုံးမှ*

မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တီးတိန်မြို့နယ် | ၁၄၀ | ၇၁၂၇၁ | ၄၁၄၁၇ | ၂၉၈၅၄ | ၂၇၂၅၈ | ၂၇၅၂ | ၁၅၆ |
| ၂ | တွန်းဇံမြို့နယ် | ၈၃ | ၂၆၆၄၁ | ၁၅၅၆၄ | ၁၁၀၇၇ | ၁၀၆၅၂ | ၅၁၂ | ၈၇ |
| | စုစုပေါင်း | ၂၂၃ | ၉၇၉၁၂ | ၅၆၉၈၁ | ၄၀၉၃၁ | ၃၇၉၁၀ | ၃၂၆၄ | ၂၄၃ |

### တီးတိန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ အုပ်စု၊ မဲရုံအရေအတွက် ၁၄၀ ရုံ ဖြစ်ပါသည်။ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲ လက်မှတ် အရေအတွက်မှာ ၇၁၂၇၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၁၄၁၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၉၈၅၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၂၅၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုနှင့် လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၆၄၀၀ | ၄၁၃၁၀ | ၂၅၀၉၀ | ၂၂၄၉၈ | ၂၇၄၈ | ၁၅၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၇၁ | ၁၀၇ | ၆၄ | ၆၀ | ၄ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၇၀၀ | | ၄၇၀၀ | ၄၇၀၀ | | |
| | စုစုပေါင်း | ၇၁၂၇၁ | ၄၁၄၁၇ | ၂၉၈၅၄ | ၂၇၂၅၈ | ၂၇၅၂ | ၁၅၆ |

၆။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မဲလက်မှတ်အရေအတွက် ၂၇၄၈ ပျောက်ဆုံးနေပြီး ၁၅၆ စောင် ပိုသုံး ထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက် ၁၇၁ ၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၇ ဖြစ်ပြီး မြေပြင်လက်ကျန်တွင် ၆၀ တွေ့ရှိရသောကြောင့် ၄ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၄၇၀၀ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၄၇၀၀ ကျန်ရှိနေသောကြောင့် ကိုက်ညီမှု ရှိကြောင်း တွေ့ရှိရသည်။

၇။ အထက်ပါ မဲရုံအလိုက် မဲလက်မှတ် ထုတ်ပေး၊ သုံးစွဲ၊ လက်ကျန်အရေအတွက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် တီးတိန်မြို့နယ်အတွင်းရှိ ကျိုန်းပီးကွတ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ဒမ်ပီးကျေးရွာအုပ်စု မဲရုံအမှတ်(၁)နှင့် ခိန်းဇန်ကျေးရွာအုပ်စု မဲရုံအမှတ်(၁) တို့မှ ပြည်သူ့လွှတ်တော်အတွက် မဲပေးအသုံးပြုထားသော မဲလက်မှတ်များသာ တွေ့ရှိရပြီး သုံးစွဲ၊ လက်ကျန်စာအုပ်များနှင့် မဲဆန္ဒရှင်စာရင်း ပုံစံ(၁) စာအုပ်တို့ ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၈။ မြို့နယ်ကြိုတင်မဲပေးရာတွင် အသုံးပြုထားသည့် မဲလက်မှတ်ဖြတ်ပိုင်း ၁၀၇ ခုတွင် လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်တစ်ခုတည်းသာ ပါဝင်ပြီး လက်မှတ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာ အုပ်စု အမည်များ ထည့်သွင်းရေးသားထားခြင်း မရှိသည်ကို တွေ့ရှိရသည်။

၉။ တီးတိန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | စကောလမ်းရပ်ကွက် | ၄ | ၄၀၀၀ | ၂၂၆၆ | ၁၇၃၄ | ၈၃၂ | ၉၀၂ | |
| ၂ | မြို့မရပ်ကွက် | ၃ | ၂၈၀၀ | ၁၇၀၀ | ၁၁၀၀ | ၁၁၀၀ | | |
| ၃ | လွယ်ဘွားလ်ရပ်ကွက် | ၃ | ၂၅၅၀ | ၁၆၇၀ | ၈၈၀ | ၇၈၀ | ၁၀၀ | |
| ၄ | လေးလုမ်းရပ်ကွက် | ၂ | ၁၂၀၀ | ၉၁၀ | ၂၉၀ | ၂၉၀ | | |
| ၅ | ကပ်တဲလ်ကျေးရွာအုပ်စု | ၄ | ၂၇၅၀ | ၁၆၈၄ | ၁၀၆၆ | ၁၀၆၆ | | |
| ၆ | ကဂင်ကျေးရွာအုပ်စု | ၁ | ၅၀ | ၁၈ | ၃၂ | ၃၂ | | |
| ၇ | ကျိုန်းပီးကွတ်ကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၄၀၅ | ၉၄၅ | ၂၉၅ | ၆၅၀ | |
| ၈ | ကွေးလမ်းကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၃၈ | ၁၆၂ | ၁၆၂ | | |
| ၉ | ခိန်းဇန်ကျေးရွာအုပ်စု | ၅ | ၁၃၅၀ | ၈၁၆ | ၅၃၄ | ၄၈၄ | ၅၀ | |
| ၁၀ | ခေါ်ဆပ်ကျေးရွာအုပ်စု | ၃ | ၈၀၀ | ၄၀၁ | ၃၉၉ | ၃၉၉ | | |
| ၁၁ | ဂမ်ငိုင်ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၃၇၅ | ၂၇၅ | ၂၇၅ | | |
| ၁၂ | ဂမ်လိုင်ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၄၂ | ၅၈ | ၅၈ | | |
| ၁၃ | ငါလ်ဇန်ကျေးရွာအုပ်စု | ၄ | ၆၅၀ | ၂၉၃ | ၃၅၇ | ၃၀၆ | ၅၁ | |
| ၁၄ | ဆဲဇန်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၀ | ၁၅၀ | ၁၅၀ | | |
| ၁၅ | ဆိုင်းဇန်ကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၅၉၁ | ၇၀၉ | ၈၀၉ | | ၁၀၀ |
| ၁၆ | ဆွောင်းဇန်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၆၆၅ | ၄၈၅ | ၄၃၅ | ၅၀ | |
| ၁၇ | ဆွောင်းဆန်ကျေးရွာအုပ်စု | ၃ | ၉၅၀ | ၆၀၇ | ၃၄၃ | ၃၄၃ | | |
| ၁၈ | ဆွောင်းပီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၃၅ | ၅၁၅ | ၅၁၅ | | |
| ၁၉ | ဆွောင်းဖေကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၆၈ | ၈၂ | ၈၀ | ၂ | |
| ၂၀ | ဇိမ်ပီးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၆၉ | ၈၁ | ၈၁ | | |
| ၂၁ | တက်လွှီးကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၉၃ | ၃၅၇ | ၃၅၇ | | |
| ၂၂ | တုန်းဇန်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၉၂၆ | ၆၇၄ | ၆၇၄ | | |
| ၂၃ | တွာလ်မူးကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၄၇ | ၁၅၃ | ၁၅၃ | | |
| ၂၄ | တွီးထန်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၄၀၂ | ၇၉၈ | ၇၉၈ | | |
| ၂၅ | တွီးတော့ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၂၈ | ၁၂၂ | ၁၂၂ | | |
| ၂၆ | တွီးဒိလ်းကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၈၁၂ | ၄၈၈ | ၄၈၈ | | |
| ၂၇ | တွီးပီးကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၀၉ | ၁၉၁ | ၁၄၁ | ၅၀ | |
| ၂၈ | ထေးဇန်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၁၀ | ၂၉၀ | ၂၈၀ | ၁၀ | |
| ၂၉ | ထာလ်မွှလ်ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၅၂ | ၁၉၈ | ၁၉၈ | | |
| ၃၀ | ထုတ်လိုင်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၂၆၉ | ၂၈၁ | ၂၈၁ | | |
| ၃၁ | ထန်းဇန်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၃၇ | ၁၁၃ | ၁၁၃ | | |
| ၃၂ | ဒိမ်ပီးကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၄၅ | ၂၅၅ | ၁၅၅ | ၁၀၀ | |
| ၃၃ | ဒမ်ပီးကျေးရွာအုပ်စု | ၃ | ၁၀၅၀ | ၅၇၉ | ၄၇၁ | ၂၂၁ | ၂၅၀ | |
| ၃၄ | ဒေါ်လွှင်ကျေးရွာအုပ်စု | ၈ | ၃၃၀၀ | ၁၉၅၆ | ၁၃၄၄ | ၁၁၈၄ | ၁၆၀ | |
| ၃၅ | ပတ်ဇန်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၃၀ | ၁၇၀ | ၁၇၀ | | |
| ၃၆ | ပင်းပိကျေးရွာအုပ်စု | ၂ | ၆၅၀ | ၃၈၈ | ၂၆၂ | ၂၆၂ | | |
| ၃၇ | ပန့်ဆပ်ကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၉၅၀ | ၃၀၀ | ၃၀၄ | | ၄ |
| ၃၈ | ဖူနွမ်းကျေးရွာအုပ်စု | ၅ | ၁၈၀၀ | ၉၂၅ | ၈၇၅ | ၇၂၄ | ၁၅၁ | |
| ၃၉ | ဖိုင်ယားကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၂၈ | ၂၇၂ | ၂၇၂ | | |
| ၄၀ | ဗာလ်ဂွမ်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၇၆ | ၅၂၄ | ၄၇၄ | ၅၀ | |
| ၄၁ | ဗန်းတဲ့ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၅၁ | ၂၉၉ | ၂၉၉ | | |



တီးတိန်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှုမှတ်တမ်း။

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၄၂ | ဘွင်မံကျေးရွာအုပ်စု | ၄ | ၅၅၀ | ၂၅၆ | ၂၉၄ | ၂၉၄ | | |
| ၄၃ | ဘွန်လီကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၁၇ | ၈၃ | ၈၃ | | |
| ၄၄ | ဘုမ်ဇန်ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၃၃ | ၆၇ | ၆၇ | | |
| ၄၅ | ဘွင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၈၇ | ၂၆၃ | ၂၆၃ | | |
| ၄၆ | ဘုတ်ဖီရ်ကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၇၈၂ | ၄၁၈ | ၄၆၈ | | ၅၀ |
| ၄၇ | မွာလ်လုမ်းကျေးရွာအုပ်စု | ၃ | ၁၀၀၀ | ၅၉၆ | ၄၀၄ | ၄၀၃ | ၁ | |
| ၄၈ | မွာလ်ဘင်းကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၆၆၁ | ၇၃၉ | ၇၄၁ | | ၂ |
| ၄၉ | မွီဓောလ်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၃၉ | ၁၁၁ | ၁၁၁ | | |
| ၅၀ | လမ်းဇန်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၇၅ | ၄၂၅ | ၄၂၅ | | |
| ၅၁ | လိမ်ခိုင်ကျေးရွာအုပ်စု | ၂ | ၅၀၀ | ၂၄၁ | ၂၅၉ | ၂၅၉ | | |
| ၅၂ | လိုင်လိုးကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၂၇၅ | ၂၂၅ | ၂၂၀ | ၅ | |
| ၅၃ | လိုင်တွီးကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၂၁၆၇ | ၈၃၃ | ၈၃၃ | | |
| ၅၄ | လိုင်လွီးကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၅၉၀ | ၄၆၀ | ၄၁၀ | ၅၀ | |
| ၅၅ | လိုင်ဘုန်ကျေးရွာအုပ်စု | ၃ | ၅၅၀ | ၃၂၀ | ၂၃၀ | ၂၃၀ | | |
| ၅၆ | ဝေါင်မွာလ်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၅၄ | ၄၆ | ၄၆ | | |
| ၅၇ | ဟေလေးကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၁ | ၂၃၉ | ၂၃၉ | | |
| ၅၈ | ဟောက်ပီးကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၇၆ | ၁၇၄ | ၁၇၄ | | |
| ၅၉ | အန်းလန့်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၅၀ | ၂၀၀ | ၁၈၈ | ၁၂ | |
| ၆၀ | အမှတ်(၁)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၇၅၀ | ၅၂၇ | ၂၂၃ | ၂၂၃ | | |
| ၆၁ | အမှတ်(၂)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၄၀၀ | ၂၆၉ | ၁၃၁ | ၄၁ | ၉၀ | |
| ၆၂ | အမှတ်(၃)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၅၅၀ | ၃၁၁ | ၂၃၉ | ၂၃၅ | ၄ | |
| ၆၃ | အမှတ်(၄)ရပ်ကွက်၊ ခိုင်ကမ်း | ၁ | ၉၀၀ | ၅၀၇ | ၃၉၃ | ၃၈၃ | ၁၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၄၀ | ၆၆၄၀၀ | ၄၁၃၁၀ | ၂၅၀၉၀ | ၂၂၄၉၈ | ၂၇၄၈ | ၁၅၆ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၇၁ | ၁၀၇ | ၆၄ | ၆၀ | ၄ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၇၀၀ | | ၄၇၀၀ | ၄၇၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၀ | ၇၁၂၇၁ | ၄၁၄၁၇ | ၂၉၈၅၄ | ၂၇၂၅၈ | ၂၇၅၂ | ၁၅၆ |

## တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ မြေပြင်စစ်ဆေးချက်များအရ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက် ၊ ကျေးရွာအုပ်စု ၃၁ အုပ်စုမှ မဲရုံအရေအတွက် ၈၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၆၄၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၅၆၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၀၇၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၀၆၅၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၅၅၀၀ | ၁၅၅၅၁ | ၉၉၄၉ | ၉၅၃၁ | ၅၀၅ | ၈၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၁ | ၁၃ | ၂၈ | ၂၁ | ၇ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၀၀ | | ၁၁၀၀ | ၁၁၀၀ | | |
| | စုစုပေါင်း | ၂၆၆၄၁ | ၁၅၅၆၄ | ၁၁၀၇၇ | ၁၀၆၅၂ | ၅၁၂ | ၈၇ |

၁၁။ တွန်းဇံမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက် ၊ ကျေးရွာအုပ်စု ၃၁ အုပ်စု၊ မဲရုံအရေအတွက် ၈၃ ရုံတို့တွင် မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ၅၀၅ စောင် ပျောက်ဆုံးနေပြီး ၈၇ စောင် ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်မှာ ၄၁ စောင်၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃ စောင်ဖြစ်ပြီး ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၂၈ စောင်ဖြစ်သော်လည်း မြေပြင်လက်ကျန်တွင် ၂၁ စောင်သာ တွေ့ရှိရသောကြောင့် ၇ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၁၁၀၀ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၁၁၀၀ ကျန်ရှိနေသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။



တွန်းဇံမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှုမှတ်တမ်း။

၁၂။ ထိုသို့ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် ဆွောင်းပက်ကျေးရွာအုပ်စု၊ ဆူရ်ပီးကျေးရွာ မဲရုံအမှတ်(၃)မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့၏ သုံးစွဲ၊ လက်ကျန်စာအုပ်များ၊ ပုံစံ(၁) တို့ ပါဝင်သိမ်းဆည်းထားသော မဲရုံအိတ်ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ သို့ဖြစ်ပါ၍ တွန်းဇံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးမှတစ်ဆင့် မဲရုံအမှတ်(၃) မဲရုံမှူးထံသို့ ဆက်သွယ်မေးမြန်းခဲ့ရာ မဲရုံတည်ရှိရာ အခြေခံပညာမူလတန်းကျောင်း၊ ဆူရ်ပီးကျေးရွာတွင် သိမ်းဆည်းထားသည်ဟု သိရှိရသဖြင့် ပြန်လည်လာရောက်အပ်နှံရန် အကြောင်းကြားခဲ့ပါသည်။ မဲရုံမှူးက အဆိုပါ သုံးစွဲ၊ လက်ကျန်ဆန္ဒမဲလက်မှတ်စာအုပ်များပါဝင်သော ချိပ်ပိတ်ထားခြင်းမရှိသည့် ကြွပ်ကြွပ်အိတ်အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ၁၂- ၄- ၂၀၂၁ ရက်နေ့ ၁၄:၃၀ အချိန်ခန့်တွင် လာရောက်အပ်နှံခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ရှေ့မှောက်တွင် ၁၅- ၄- ၂၀၂၁ ရက်နေ့ ၀၉:၀၀ နာရီ၌ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရပါသည်။

၁၄။ တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ခေါဝုန်/လေးဆန်ရပ်ကွက် | ၂ | ၂၅၅၀ | ၁၇၉၉ | ၇၅၁ | ၇၅၁ | | |
| ၂ | ခေါလိုင်/ဂိုးဇန်ရပ်ကွက် | ၁ | ၈၀၀ | ၅၅၃ | ၂၄၇ | ၂၄၇ | | |
| ၃ | ဂဲလ်မွာလ်ကျေးရွာအုပ်စု | ၂ | ၃၅၀ | ၁၇၇ | ၁၇၃ | ၁၇၃ | | |
| ၄ | စိန်းပျဲလ်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၅၃၆ | ၃၆၄ | ၃၆၄ | | |
| ၅ | စိပက်ကျေးရွာအုပ်စု | ၃ | ၄၀၀ | ၁၉၇ | ၂၀၃ | ၂၀၃ | | |
| ၆ | ဆာလ်ဇန်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၂၉ | ၂၇၁ | ၂၇၁ | | |
| ၇ | ဆဲနမ်ကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၁၂ | ၁၈၈ | ၁၄၃ | ၄၅ | |
| ၈ | ဆဲဘောက်ကျေးရွာအုပ်စု | ၇ | ၁၄၅၀ | ၈၃၈ | ၆၁၂ | ၆၁၂ | | |
| ၉ | ဆွောင်းပက်ကျေးရွာအုပ်စု | ၉ | ၂၄၅၀ | ၁၃၃၆ | ၁၁၁၄ | ၁၁၁၆ | | ၂ |
| ၁၀ | တုံးတွောင်ကျေးရွာအုပ်စု | ၂ | ၆၀၀ | ၃၀၅ | ၂၉၅ | ၂၄၇ | ၄၈ | |
| ၁၁ | ဖိုင်တူကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၄၈ | ၁၅၂ | ၁၅၂ | | |
| ၁၂ | ဘာလ်းဘီလ်ကျေးရွာအုပ်စု | ၃ | ၅၀၀ | ၂၈၄ | ၂၁၆ | ၂၁၆ | | |
| ၁၃ | မွာလ်ပီးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၁၆ | ၁၈၄ | ၁၈၄ | | |
| ၁၄ | လင်နှကွတ်ကျေးရွာအုပ်စု | ၂ | ၂၅၀ | ၁၀၈ | ၁၄၂ | ၁၄၂ | | |
| ၁၅ | လမ့်ထန်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၉၇ | ၂၀၃ | ၁၆၉ | ၃၄ | |
| ၁၆ | ဟန်ကင်ကျေးရွာအုပ်စု | ၂ | ၆၀၀ | ၂၉၃ | ၃၀၇ | ၃၀၇ | | |
| ၁၇ | အန်းလွှန်ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၃၄ | ၆၆ | ၆၆ | | |
| ၁၈ | အမှတ်(၁)ရပ်ကွက်၊ ကျီခါး | ၁ | ၈၅၀ | ၅၁၄ | ၃၃၆ | ၃၃၆ | | |
| ၁၉ | အမှတ်(၂)ရပ်ကွက်၊ ကျီခါး | ၁ | ၇၅၀ | ၅၁၀ | ၂၄၀ | ၂၄၀ | | |
| ၂၀ | ကန့်ဆောက်ကျေးရွာအုပ်စု | ၃ | ၈၀၀ | ၄၉၇ | ၃၀၃ | ၃၀၃ | | |
| ၂၁ | ခေါဘဲမ်းကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၁၆ | ၁၈၄ | ၁၃၄ | ၅၀ | |

*စာမျက်နှာ ၁၂ သို့*

# မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးကို ပုံမှန်ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

မန္တလေး မေ ၄

**မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးကို ပုံမှန်ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဆေးရုံ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။**




"မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှာ ပြင်ပလူနာဌာနကို စတင်ပြီး ဖွင့်လှစ်ခဲ့ပါတယ်။ နောက်ပိုင်း ဆရာဝန်ကြီးတွေ ဆရာမတွေလည်း ပြန်ဝင်လာပြီဆိုတော့ အထူးကု ပြင်ပလူနာဌာနတွေပါ ထပ်ပြီး ဖွင့်လှစ်ပေးနိုင်ပါပြီ။ အထူးကုဌာနတွေအနေနဲ့ကတော့ ဖျားနာနဲ့ ခွဲစိတ်အထူးကု ဦးနှောက်နှင့်အာရုံကြော၊ နှလုံးအထူးကု၊ အစာအိမ်နှင့် အူလမ်းကြောင်း ရှိတယ်။ ဒါ့အပြင် အသည်းအထူးကုဆရာဝန်ကြီး၊ သွေးရောဂါ အထူးကုဆရာဝန်ကြီး၊ ကင်ဆာနဲ့ပတ်သက်လို့ ကုသပေးတဲ့ ဆရာဝန်တွေ၊ ရင်ခေါင်းခွဲစိတ်ကုသပေးတဲ့ ဆရာဝန်ကြီးတွေ ရှိပါတယ်။ အထောက်အကူပြုအနေနဲ့ ဓာတ်ခွဲဓာတ်မှန်၊ သွေးဘဏ်၊ အကြောအဆစ်ကုသ စတဲ့အဖွဲ့တွေလည်း ဖွင့်လှစ်ပြီး လိုအပ်သလို ကုသပေးနေပါတယ်။ အခုဆို ဆေးရုံကြီးမှာ အထူးကုဆရာဝန်တွေ တော်တော်များများစုံနေပါပြီ။ သူတို့က ပြင်ပလူနာတွေကိုကြည့်ပြီး ရောဂါတွေကို ကုသပေးနေပါတယ်" ဟု မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီးက ပြောသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးကို မတ် ၁၇ ရက်ကစတင်၍ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားပြီး ပြင်ပလူနာများ၊ အတွင်းလူနာများအပါအဝင် အရေးပေါ်ခွဲစိတ်ကုသမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"နောက်တစ်ဆင့်အနေနဲ့က လူနာဆောင်တစ်ခုကို စတင်ဖွင့်လှစ်ပြီး ဆေးရုံတက် ကုသဖို့လိုတဲ့ လူနာတွေကို ကုသပေးနေပါတယ်။ အရေးပေါ်ခွဲစိတ်ကုသဖို့ လိုတဲ့လူနာတွေလည်း ခွဲစိတ်ပေးနေပါတယ်။ အရေးပေါ်လူနာတွေကို အဓိကထား ကုသပေးတယ်။ အဲဒီထက်လိုအပ်တဲ့ လူနာတွေကို တပ်မတော်စစ်ဆေးရုံကို လွှဲပြောင်းကုသပေးနေပါတယ်။ မန္တလေးဆေးရုံကြီးမှာ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ စက်ကိရိယာအစုံ၊ ဆေးဝါးအစုံရှိပါတယ်။ ဒီမှာရှိတဲ့ ဆရာဝန်တွေကလည်း လူနာတွေကို ကုသပေးဖို့ အဆင့်သင့်ရှိနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် တစ်နေ့လျှင် လူနာ ၁၀၀ ကျော် လာရောက်ပြသပြီး ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

တင်လင်းထက် (ပြန်/ဆက်)

# ပုဗ္ဗသီရိမြို့နယ် ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီး၌ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ပုဗ္ဗသီရိ မေ ၄



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ ဆေးရုံကြီးတွင် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ခုတင် ၃၀၀ ဆံ့ ဆေးရုံအုပ် ဒေါက်တာသီတာစိုး အပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၈၀ ခန့်ဖြင့် နေ့ညမပြတ် လူနာများအား လက်ခံကုသပေးလျက်ရှိသည်။

ပုဗ္ဗသီရိမြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ထမ်းများက အရေးပေါ်ဌာနကို နေ့ညမပြတ် ပုံမှန်ဖွင့်လှစ်ကုသ စောင့်ရှောက်ပေးလျက်ရှိသည့် အပြင် အထူးကုဆရာဝန်ကြီးများက ပြင်ပလူနာများကို မျက်စိရောဂါအတွက် အင်္ဂါနေ့နှင့် ကြာသပတေးနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ကလေးရောဂါအတွက် ကြာသပတေးနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ သွားရောဂါအတွက် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း ကြည့်ရှုပေးလျက်ရှိပြီး အထွေထွေရောဂါများကိုလည်း နေ့စဉ်လက်ခံကုသပေးလျက်ရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလ တစ်လျှောက်လုံးတွင်လည်း သံသယလူနာများနှင့် ပိုးတွေ့လူနာများကို သီးသန့်လူနာဆောင် သုံးခုထားရှိပြီး လက်ခံကုသပေးလျက်ရှိသည်။

ပုဗ္ဗသီရိမြို့နယ်တွင် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအပြင် သွားနှင့်ခံတွင်း အထူးကု ဆေးရုံကြီးမှာလည်း အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဝေါမြို့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက် ကုသပေးလျက်ရှိ

ဝေါ မေ ၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနိုင်၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်တစ်ဦး၊ သူနာပြု ရှစ်ဦးတို့ဖြင့် နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေ့စဉ်ဆောင်ရွက်ပေး**

ဝေါမြို့နယ်အတွင်းရှိ ဝေါမြို့နယ် ပြည်သူ့ဆေးရုံ၊ မြစ်ကျိုးတိုက်နယ်ဆေးရုံ၊ သူရဲ သူမိန်တိုက်နယ်ဆေးရုံ၊ ညောင်ခါးရှည်တိုက်နယ်ဆေးရုံ၊ ဖိုးဦးစိန်တိုက်နယ်ဆေးရုံ၊ မြို့နယ်ကျန်းမာရေးရုံးနှင့် မိခင်ကလေး ကျန်းမာရေးဆေးခန်း၊ ကော့ဝင်း ၊ ကဒွတ်၊ တောကြီး၊ ဝိုင်းပါတ်နှင့် ဘုရားပျို ကျေးလက်ကျန်းမာရေးဌာနများတွင်လည်း ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနိုင်ထံမှ သိရသည်။

**ဆေးကုသပေးလျက်ရှိ**

ဝေါမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်လူနာ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၄၂ ဦးအား ဆေးကုသပေးလျက်ရှိပြီး ယနေ့တွင် ဆေးခန်းလာပြသူ ၃၁ ဦးရှိကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၂၂ | ဂမ်ပုမ်းကျေးရွာအုပ်စု | ၁ | ၁၅၀ | ၇၁ | ၇၉ | ၇၉ | | |
| ၂၃ | ဆိုင်ပီးမွာလ်ကျေးရွာအုပ်စု | ၂ | ၃၅၀ | ၁၇၅ | ၁၇၅ | ၁၇၅ | | |
| ၂၄ | ဆွေင်းဇန်ကျေးရွာအုပ်စု | ၃ | ၅၀၀ | ၂၇၁ | ၂၂၉ | ၁၇၉ | ၅၀ | |
| ၂၅ | ဇမ်ပီးကျေးရွာအုပ်စု | ၄ | ၈၀၀ | ၄၈၈ | ၃၁၂ | ၃၁၂ | | |
| ၂၆ | တုန်ကျင်းကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၂၄ | ၁၇၆ | ၂၀၆ | | ၃၀ |
| ၂၇ | တွီးတွမ်းကျေးရွာအုပ်စု | ၃ | ၈၀၀ | ၃၁၈ | ၄၈၂ | ၃၃၂ | ၁၅၀ | |
| ၂၈ | တွီးမန်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၃၆ | ၂၁၄ | ၂၁၄ | | |
| ၂၉ | တွီးမွီကျေးရွာအုပ်စု | ၃ | ၉၀၀ | ၅၉၂ | ၃၀၈ | ၃၀၈ | | |
| ၃၀ | ဒါရ်ခိုင်းကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၈၄၉ | ၃၅၁ | ၂၂၃ | ၁၂၈ | |
| ၃၁ | ပန်မွာလ်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၃၂ | ၁၁၈ | ၁၁၈ | | |
| ၃၂ | ဘပီးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၄၃ | ၁၀၇ | ၁၀၇ | | |
| ၃၃ | လုံတပ်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၁၉၉ | ၁၅၁ | ၁၅၁ | | |
| ၃၄ | ဟိုင်ကျင်းကျေးရွာအုပ်စု | ၆ | ၁၇၀၀ | ၁၀၉၄ | ၆၀၆ | ၆၆၁ | | ၅၅ |
| ၃၅ | ဟိုင်ပီးကျေးရွာအုပ်စု | ၁ | ၁၅၀ | ၆၀ | ၉၀ | ၉၀ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၈၃ | ၂၅၅၀၀ | ၁၅၅၅၁ | ၉၉၄၉ | ၉၅၃၁ | ၅၀၅ | ၈၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၁ | ၁၃ | ၂၈ | ၂၁ | ၇ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၁၀၀ | | ၁၁၀၀ | ၁၁၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၈၃ | ၂၆၆၄၁ | ၁၅၅၆၄ | ၁၁၀၇၇ | ၁၀၆၅၂ | ၅၁၂ | ၈၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ သန်း ၂၀ ကျော်အထိ ရှိလာ

နယူးဒေလီ မေ ၄

**အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ သန်း ၂၀ ကျော်အထိ ရှိလာသည်။ အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးနောက် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှုသမိုင်းမှတ်တိုင်ကို ကျော်လွန်ခဲ့သည့် ကမ္ဘာ့ဒုတိယနိုင်ငံ ဖြစ်လာသည်။**

မေ ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၅၇၂၂၉ ဦးရှိလာကြောင်း အိန္ဒိယအစိုးရက ဖော်ပြခဲ့သည်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀၀၀၀ ကျော်လွန်လာခဲ့သည်မှာ ၁၃ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်- ၁၉ အတည်ပြုလူနာပေါင်းမှာ ယခုအခါ ၂၀၂၈၂၃၃ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ထို့အပြင် မေ ၄ ရက်က ကိုဗစ်- ၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၄၄၉ ဦးရှိလာကြောင်း အစိုးရက ဖော်ပြခဲ့သည်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာခြင်းက ဆေးရုံခုတင်များနှင့် အောက်ဆီဂျင်ပြတ်လပ်မှုများနှင့်အတူ အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးစနစ်ကို ဝန်ပိစေသည်။ အများစုမှာ သင့်တော်သော ဆေးဘက်ဆိုင်ရာ ကုသမှု မရရှိခြင်းကြောင့် သေဆုံးခဲ့သည်။

ဧပြီလလယ်ကတည်းက ပြည်နယ်အများအပြားတွင် အမျိုးမျိုးသောလူမှုရေးဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်လုပ်ဆောင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှာ အရှိန်အဟုန်မပျက် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ကျွမ်းကျင်သူများက အမျိုးသားအဆင့်ကန့်သတ်ပိတ်ဆို့မှုကို ကျင့်သုံးရန် တိုက်တွန်းပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**



အိန္ဒိယနိုင်ငံ ဆေးရုံတစ်ရုံသို့ ကိုဗစ်- ၁၉ လူနာတစ်ဦး တင်ဆောင်လာသည်ကို တွေ့ရစဉ်။

## ဂရိနိုင်ငံတွင် ခြောက်လကြာပိတ်ထားခဲ့ရသော စားသောက်ဆိုင်လုပ်ငန်းများ ပြန်ဖွင့်

**အေသင် မေ ၄**

ကိုဗစ်- ၁၉ ကန့်သတ်ပိတ်ဆို့မှုများကြောင့် ခြောက်လကြာပိတ်သိမ်းခဲ့ရသော ဂရိနိုင်ငံတစ်ဝန်းရှိ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဘားများကို ပွဲတော်ကာလ မေ ၃ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တည်ငြိမ်လာပြီး ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လာပြီးနောက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်က စတင်ခဲ့သည့် ဂရိနိုင်ငံ၏ အမျိုးသားအဆင့် ဒုတိယ ကန့်သတ်ပိတ်ဆို့မှုကို ယခုနွေဦးတွင် တဖြည်းဖြည်းချင်းဖြေလျှော့ပေးနေပြီဖြစ်သည်။

မေ ၁၅ ရက်တွင် စတင်မည့် ခရီးသွားရာသီမတိုင်မီ အစားအသောက်ဝန်ဆောင်မှု ကဏ္ဍကို ကန့်သတ်တားဆီးမှုများအောက်တွင် ပြန်လည်စတင်ခဲ့သည်။

စီးပွားရေး လုပ်ငန်းများကိုလည်း အပြင်ဘက်တွင် သတ်မှတ်အကွာအဝေးအတိုင်း တစ်ခုံလျှင် ခြောက်ဦးနှုန်းဖြင့် ခွင့်ပြုပေးထားသည်။ စားပွဲထိုးများသည်လည်း ကိုဗစ်- ၁၉ ကာကွယ်နိုင်သည့် နှာခေါင်းစည်းများ တပ်ဆင်ရမည်ဖြစ်သလို တစ်ပတ်တစ်ခါ ကိုဗစ်- ၁၉ စစ်ဆေးရမည် ဖြစ်သည်။

ဧည့်သည်များ အနေဖြင့် ကြိုတင်ချိန်းဆို နေရာမှာယူရမည်ဖြစ်သည်။ ညမထွက်ရအမိန့် ဆက်လက် တည်ရှိနေသောကြောင့် စားသောက်ဆိုင်များအားလုံး ည ၁၁ နာရီတွင် ပိတ်သိမ်းရမည်ဖြစ်ကြောင်း သိရသည်။

လပေါင်းများစွာ ကြာပြီးနောက် ဂရိနိုင်ငံသားများသည် ၎င်းတို့၏ သူငယ်ချင်းများနှင့် တွေ့ဆုံရန် ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များသို့ မေ ၃ ရက်က ရောက်ရှိလာခဲ့သည်။ မိမိတို့အနေဖြင့် လွတ်လပ်သည့်အရသာ ခံစားနေရကြောင်း၊ မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေများ တိုးတက်မှုရှိကြောင်း ဧည့်သည်တစ်ဦးက ပြောသည်။

ဆင်ဟွာ



ဂရိနိုင်ငံ အေသင်မြို့ရှိ စားသောက်ဆိုင်တွင် စားသောက်နေသည့် ဧည့်သည်များကို တွေ့ရစဉ်။

## မလေးရှားနိုင်ငံတွင် ကိုဗစ်လူနာပေါင်း လေးသိန်းကျော်ရှိလာ

**ကွာလာလမ်ပူ မေ ၄**

မလေးရှားနိုင်ငံတွင် နောက်ထပ်ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၃၁၂၀ ရှိအပါအဝင် စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်အတည်ပြုလူနာ ၄၂၀၆၃၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၄ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ကိုဗစ်- ၁၉ အသစ်ထပ်မံ ကူးစက်ဖြစ်ပွားမှုများအနက် ခြောက်ခုမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၃၁၁၄ ခုမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း ပြောကြားလိုက်သည်။

မေ ၄ ရက်က ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၃ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၅၇၄ ဦး ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းသူပေါင်း ၃၈၇၅၄၂ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

## အာဖရိကတွင် ကိုဗစ်အတည်ပြုလူနာ လေးသန်းခွဲကျော်ရှိလာ

**အဒစ္စအဘာဘာ မေ ၄**

အာဖရိကတွင် မေ ၄ ရက်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၅၇၈၉၀၂ ဦးရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိက စီဒီစီ) ကဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်းမှာ ၁၂၂၅၈၉ ဦးရှိလာသည်။ ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၄၁၂၅၁၁၄ ဦးရှိလာကြောင်း ဖော်ပြသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်ဖြင့်ဆိုလျှင် တောင်ပိုင်းအာဖရိကသည် ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး မြောက်ပိုင်းအာဖရိကနှင့် အရှေ့ပိုင်းအာဖရိကဒေသများသည် ဒုတိယကူးစက်မှုအများဆုံး ဖြစ်သည်။ အလယ်ပိုင်းအာဖရိကမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း အာဖရိက စီဒီစီက ဖော်ပြလိုက်သည်။ **ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် ၆၁ ဦး ထပ်မံသေဆုံး

ဒါကာ မေ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၄ ရက်က နောက်ထပ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၁၄ ဦး ရှိပြီး ၆၁ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၆၅၅၉၅ ဦး အထိ ရောက်ရှိလာသလို သေဆုံးသူပေါင်းမှာလည်း ၁၁၇၀၅ ဦး အထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း မေ ၃ ရက်အတွင်း နမူနာပေါင်း ၂၁၉၈၄ ခုကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း တရားဝင်အချက်အလက်များက ဖော်ပြသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကိုဗစ်- ၁၉ ဖြင့် ကွယ်လွန်သွားသူကို သင်္ဂြိုဟ်ရန်ပြင်ဆင်နေစဉ်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး မေ ၄ ရက်က ဆေးရုံမှဆင်းသူ ၃၈၇၀ အပါအဝင် ကိုဗစ်- ၁၉ ကင်းစင်သူပေါင်းမှာ ၆၉၅၀၃၂ ဦး ရှိကြောင်း သိရသည်။

တရားဝင် သတင်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးနှုန်းမှာ ယခုအခါတွင် ၁ ဒသမ ၅၃ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကောင်းမွန်လာနှုန်းမှာ ၉၀ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံသို့ ကိုဗစ်-၁၉ အတွက် အကူအညီများဆိုက်ရောက်လာချိန် ဘရာဇီးနှင့် ကနေဒါတို့တွင် ကူးစက်မှုများပြားခြင်းနှင့်ရင်ဆိုင်နေရ

ကေကေစိုး



ဂျာမနီနိုင်ငံက ပေးပို့လိုက်သည့် ဆေးဘက်အထောက်အကူပြုပစ္စည်းများ နယူးဒေလီလေဆိပ်သို့ ရောက်ရှိလာသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ၌ ကမ္ဘာပေါ်တွင် အဆိုးရွားဆုံး ကိုဗစ် – ၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်နေရပြီး မေ ၂ ရက်တွင် နေ့စဉ် ကူးစက်မှုနှုန်းမှာ ၄၀၀၀၀၀ နီးပါးရှိနေခဲ့သည်။ ယင်းကဲ့သို့ ကပ်ရောဂါ အကျပ်အတည်း အဆုံးသတ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာမှ အကူအညီများ အိန္ဒိယနိုင်ငံသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

## နောက်ထပ်ခြိမ်းခြောက်မှုတစ်ခု

ထိုစဉ် ဘရာဇီးနှင့် ကနေဒါနိုင်ငံတို့ တွင် ကိုဗစ်–၁၉ ကူးစက်မှု များပြားလာခြင်းတို့သည်လည်း ကိုဗစ် – ၁၉ ကူးစက်မှုနှင့် ပတ်သက်ပြီး နောက်ထပ် ခြိမ်းခြောက်မှု တစ်ခုပင်ဖြစ်သည်။ ယခုအခါ ကိုဗစ် – ၁၉ကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၃ ဒသမ ၂ သန်းနားနီးကပ်လာချိန် နိုင်ငံအများအပြားတွင်လည်း ကိုဗစ်– ၁၉ ကာကွယ်ဆေး ထိုးနှံပေးရေးလုပ်ငန်းများကို အရှိန်တိုးမြှင့် လုပ်ဆောင်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် မေ ၁ ရက်မှစတင်ကာ အရွယ်ရောက်ပြီး သူတိုင်းကို ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးရန် အစီအစဉ်ကို တိုးချဲ့ခဲ့သည်။ သို့သော်လည်း ပြည်နယ်အများစုတွင် ကိုဗစ် –၁၉ ကာကွယ်ဆေး ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်။

## ကာကွယ်ဆေးမလုံလောက်မှု ရင်ဆိုင်နေရ

အိန္ဒိယနိုင်ငံအတွင်း ထုတ်လုပ်သည့် ကိုဗစ် –၁၉ ကာကွယ်ဆေးကို ပြည်ပတင်ပို့ခြင်း ရပ်ဆိုင်းထားပြီး ပြည်တွင်း၌ ကာကွယ်ဆေးထိုးပေးနိုင်ရေး လုပ်ဆောင်နေသော်လည်း ပြည်နယ်အများစုတွင် ကာကွယ်ဆေး မလုံလောက်မှုနှင့် ရင်ဆိုင်နေရသည်။ ကာကွယ်ဆေး ထိုးပေးသည့် စင်တာများ၏ ရှေ့တွင် လူတန်းရှည်ကြီးဖြစ်သည်အထိ တန်းစီစောင့်ဆိုင်းနေသည်ကိုလည်း တွေ့မြင်နေရသည်။

## ကာကွယ်ဆေးထိုးရန်လိုအပ်

တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကိုင်လှုပ်သည့် ကိုဗစ်–၁၉ ကူးစက်မှုကြောင့် ပြည်သူများသည် ကာကွယ်ဆေးကို အလောတကြီး ထိုးနှံလိုကြသည်။ ကာကွယ်ဆေးထိုးရန် ပုဂ္ဂလိကစင်တာသို့ အစောဆုံး ရောက်အောင်လာခဲ့ခြင်း ဖြစ်ကြောင်း အသက် ၃၅ နှစ်အရွယ် မက်ဂ်ဟာ ဆီရီဗက်စ်တာဗာက ပြောသည်။ လူအတော်များများတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိရသည့်အတွက် ယခုအခါ ကာကွယ်ဆေးထိုးရန် လိုအပ်သည်ဟု ၎င်းက ပြောသည်။

## အကူအညီပေးရန် အဆင်သင့်ဖြစ်

လူမှုကွန်ရက် မီဒီယာများပေါ်တွင်လည်း အောက်ဆီဂျင်ရှာဖွေသူ၊ ဆေးရုံခုတင်ရှာဖွေသည့် သတင်းများ၊ ဆေးပစ္စည်းများရှာဖွေသည့် သတင်းများနှင့် ပြည့်နှက်နေသည်။ ကိုဗစ် – ၁၉ ကူးစက်မှုများ အဆမတန်ဖြစ်ပေါ်နေသည့်အတွက် ဆေးဝါးနှင့် အောက်ဆီဂျင်ပြတ်လပ်မှုများနှင့် ကြုံတွေ့နေရခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်မှုမှာ မေ ၂ ရက်တွင် ၃၉၂၀၀၀ ရှိပြီး သေဆုံးသူ ၃၇၀၀ ရှိသည်ဟု သိရသည်။ ယင်းကဲ့သို့ စိုးရိမ်ဖွယ်ရာ အခြေအနေကြောင့် အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဗြိတိန်တို့ အပါအဝင် နိုင်ငံအများအပြားသည် အောက်ဆီဂျင် ထုတ်စက်များ၊ ပါးစပ်၊ နှာခေါင်းစည်းများနှင့် ကိုဗစ်– ၁၉ ကာကွယ်ဆေးများကို အကူအညီပေးရန် အဆင်သင့်ဖြစ်ခဲ့ကြသည်။

## ထောက်ပံ့ရေးပစ္စည်းများရောက်ရှိ

ပြင်သစ်နိုင်ငံမှ ပေးပို့လိုက်သည့် အကူအညီ ထောက်ပံ့ရေးပစ္စည်းများသည် မေ ၂ ရက်တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ပေးပို့ခဲ့သည့် အကူအညီပစ္စည်းများမှာ အသက်ရှူ အထောက်အကူ ပြုကိရိယာများလည်း ပါဝင်သည်။ ထို့ပြင် ဂျာမနီနိုင်ငံက ပေးပို့လိုက်သည့် အသက်ရှူအထောက်အကူ ပြုကိရိယာ ၁၂၀ မှာလည်း မေ ၁ ရက်ကတည်းက အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ နယူးဒေလီသည် ကိုဗစ် –၁၉ အဆိုးရွားဆုံးထိခိုက် ခံစားရသည့် မြို့ဖြစ်ပြီး အသွားအလာပိတ်ဆို့ကန့်သတ်မှုကို တစ်ပတ်ထပ်မံ တိုးချဲ့ခဲ့သည်။

## တင်းကျပ်သည့် စည်းကမ်းများချမှတ်

အမေရိကန်နိုင်ငံမှ ကပ်ရောဂါ ထိပ်တန်းအကြံ ပေးတစ်ဦးဖြစ်သူ အန်သိုနီဖောင်စီက အိန္ဒိယတွင် ကြုံတွေ့ရသည့် ကိုဗစ် –၁၉ ကူးစက်မှုအရှိန်ကို တိုက်ဖျက်နိုင်ရေးအတွက် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်သင့်သည်ဟု အကြံပြုထားသည်။ အိန္ဒိယဝန်ကြီးချုပ်နာရင်ဒရာမိုဒီ အစိုးရက တစ်နိုင်ငံလုံး ပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ရန် မလိုလားသော်လည်း ပြည်နယ်အများစုတွင်မူ တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ထားသည်။ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်–၁၉ ကူးစက်မှုမှာ ၁၅၂ သန်းနားနီးကပ်လာချိန် အမေရိကရှိ နိုင်ငံအများအပြားတွင် နောက်ထပ် ကူးစက်မှုနှုန်း ပိုမိုများပြားလာသည်။ လက်တင်အမေရိကတွင် ကိုဗစ် – ၁၉ ဆိုးဆိုးရွားရွားထိခိုက် ခံစားရသည့် ဘရာဇီးနိုင်ငံ၌ ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုမှာ ၄၀၀၀၀၀ ကျော်လွန်လာပြီ ဖြစ်သည်။

## စိတ်ပျက်ကြရ

ဆေးရုံများတွင် ပြည့်ကျပ်နေပြီး ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ထိခိုက်စေသည်။ ကနေဒါနိုင်ငံတွင်လည်း အွန်တေရီယိုမြို့မှာ ကူးစက်မှုဗဟိုချက်မနေရာတစ်ခုဖြစ်ပြီး အရေးကြီးသည့် လူနာများကို စောင့်ရှောက်ရန်အတွက် ကြက်ခြေနီ အဖွဲ့ကို ယင်းမြို့သို့ စေလွှတ်ထားသည်။ အွန်တေရီ ယိုမြို့၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ ကျိုးပျက်လုနီးနီးဖြစ်နေသည်ဟု အထူးကြပ်မတ်ကုသဆောင်မှ သူနာပြုတစ်ဦးဖြစ်သူ ဖာရီရယ်ဖာကျူရီက ပြောသည်။ ကျန်းမာရေးဝန်ထမ်းများ ပင်ပန်းပြီး မောပန်းနွမ်းနယ်ကုန်ကြပြီဟု ၎င်းက ပြောသည်။ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို လိုက်နာခြင်းမရှိသည့် မြို့သူမြို့သားများကြောင့် ကျန်းမာရေး ဝန်ထမ်းအများစုမှာ စိတ်ပျက်ကြရသည်။

## အထစ်ထစ်အငေါ့ငေါ့ဖြစ်ရ

ကနေဒါနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်မှာလည်း ထောက်ပံ့ရေးပစ္စည်းများ ပြတ်တောက်သည့်အတွက် အထစ်ထစ်အငေါ့ငေါ့ ဖြစ်ရသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံကမူ အရွယ်ရောက်ပြီးသူ ထက်ဝက်ကျော်နီးပါးကို ကိုဗစ် –၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးပေးပြီးဖြစ်သည်။ သို့သော်လည်း အမေရိကန်နိုင်ငံတွင် ကိုဗစ် –၁၉နှင့် ပတ်သက်၍ စိုးရိမ်နေရဆဲ ဖြစ်သည်။ ဘရာဇီးနှင့် အိန္ဒိယတို့တွင် ကြောက်မက်ဖွယ် ကိုဗစ် –၁၉ ကူးစက်မှုများကြောင့် ကိုဗစ် –၁၉၏ ခြိမ်းခြောက်မှုမှာ ပို၍ ထင်ရှားလာသည်။ ကိုဗစ် –၁၉ ကြောင့် ထားရှိသည့် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကို ဆန့်ကျင်သူများသည် မေ ၁ ရက်က ဖင်လန်နိုင်ငံ၊ ဆွီဒင်၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီနိုင်ငံတို့ အပါအဝင် ဥရောပနိုင်ငံအချို့တွင် စုဝေးခဲ့ကြသည်။

## လူစုခွဲမှုများပြုလုပ်ခဲ့ရ

ဘယ်လ်ဂျီယံနိုင်ငံတွင် လက်တလော၌ ဒုတိယအကြိမ်မြောက်ကိုဗစ်–၁၉ အသွားအလာ ပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ခဲ့ပြီး ဘရပ်ဆဲလ်မြို့တွင် မေ ၁ ရက်က လူစုလူဝေးကို ရဲများက မီးသတ်ပိုက်များနှင့်ထိုးကာ လူစုခွဲမှုများ ပြုလုပ်ခဲ့ရသည်။ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကို ကန့်ကွက်ဆန္ဒပြသူ ၁၅ ဦးအဖမ်းခံရပြီး ရဲအရာရှိ နှစ်ဦးဒဏ်ရာ ရရှိခဲ့သည်။ စတော့ဟုမ်းမြို့တွင်လည်း လူပေါင်း ၅၀၀နှင့် ၆၀၀ ကြား ကန့်ကွက်ဆန္ဒပြခဲ့ကြသည်ဟုသိရသည်။

## ဆန့်ကျင်ဆန္ဒပြကြ

ကနေဒါနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုများ မြင့်မားနေသော်လည်း အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဆန္ဒပြသူထောင်နှင့်ချီ၍ မွန်ထရီရယ်မြို့တွင် ဆန္ဒပြခဲ့ကြသည်။ ချီတက်ပွဲ စစချင်းတွင်ပင် ဆန္ဒပြသူအချို့မှာ ဖမ်းဆီးခံခဲ့ရသည်။ အဆိုပါ လူအုပ်ကြီးသည် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရခြင်းနှင့် ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ကို ဆန့်ကျင်ဆန္ဒပြကြခြင်းဖြစ်သည်ဟု သိရသည်။ **ကိုးကား – အေအက်ဖ်ပီ**

**အိန္ဒိယနိုင်ငံအတွင်း ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပြည်ပတင်ပို့ခြင်း ရပ်ဆိုင်းထားပြီး ပြည်တွင်း၌ ကာကွယ်ဆေးထိုးပေးနိုင်ရေး လုပ်ဆောင်နေသော်လည်း ပြည်နယ်အများစုတွင် ကာကွယ်ဆေး မလုံလောက်မှုနှင့် ရင်ဆိုင်နေရသည်။ ကာကွယ်ဆေးထိုးပေးသည့် စင်တာများ၏ရှေ့တွင် လူတန်းရှည်ကြီးဖြစ်သည်အထိ တန်းစီစောင့်ဆိုင်းနေသည်ကိုလည်း တွေ့မြင်နေရ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## (၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၀၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၈၃,၁၅၇) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၄၂,၈၅၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၉၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၄-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၂၃၁၉၇၁ | ၂၅၉၁၀၂၈၇ | ၅၉၁၅၄၄ |
| ၂။ | အိန္ဒိယ | ၂၀၄၀၀၈၅၂ | ၁၆၇၁၆၇၉၄ | ၂၂၃၂၈၄ |
| ၃။ | ဘရာဇီး | ၁၄၇၉၁၄၃၄ | ၁၃၃၃၆၄၇၆ | ၄၀၈၈၂၉ |
| ၄။ | ပြင်သစ် | ၅၆၅၆၀၀၇ | ၄၆၅၆၄၁၈ | ၁၀၅၁၃၀ |
| ၅။ | တူရကီ | ၄၉၀၀၁၂၁ | ၄၅၁၅၈၁၉ | ၄၁၁၉၁ |
| ၆။ | ရုရှား | ၄၈၃၉၅၁၄ | ၄၄၅၇၀၄၄ | ၁၁၁၅၃၅ |
| ၇။ | ဗြိတိန် | ၄၄၂၁၈၅၀ | ၄၂၁၇၅၀ | ၁၂၇၅၃၉ |
| ၈။ | အီတလီ | ၄၀၅၀၇၀၈ | ၃၅၀၅၇၁၇ | ၁၂၁၄၃၃ |
| ၉။ | စပိန် | ၃၅၄၀၄၃၀ | ၃၂၂၂၆၉၇ | ၇၈၂၉၃ |
| ၁၀။ | ဂျာမနီ | ၃၄၃၉၇၃၀ | ၃၀၆၁၅၀၀ | ၈၄၁၄၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၄ - ၅ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၈၆၃၇၃ | ၁၅၄၁၁၄၉ | ၄၆၁၃၇ |
| ဖိလစ်ပိုင် | ၁၀၆၇၈၉၂ | ၉၈၄၂၁၀ | ၁၇၆၂၂ |
| မလေးရှား | ၄၂၀၆၃၂ | ၃၈၇၅၄၂ | ၁၅၇၄ |
| မြန်မာ | ၁၄၂၈၅၈ | ၁၃၁၉၉၇ | ၃၂၀၉ |
| ထိုင်း | ၇၂၇၈၈ | ၄၂၄၇၄ | ၃၀၃ |
| စင်ကာပူ | ၆၁၂၅၂ | ၆၀၈၀၆ | ၃၁ |
| ကမ္ဘောဒီးယား | ၁၆၂၉၉ | ၅၇၉၁ | ၁၀၇ |
| ဗီယက်နမ် | ၂၉၉၅ | ၂၅၆၀ | ၃၅ |
| လာအို | ၁၀၂၆ | ၆၀ | ၀ |
| ဘရူနိုင်း | ၂၂၈ | ၂၁၈ | ၃ |

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား COVID- 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၄

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား COVID- 19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ဖယ်ခုံမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ပင်လောင်းမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ကေတုမတီမြို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အတူပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA)နှင့်အလှူရှင်များက ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံကြီးသို့ နှာခေါင်းစည်းနှင့် အာဟာရဒါနများလှူဒါန်း

နေပြည်တော် မေ ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်- ၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့တွင် တက်ရောက် ဆေးဝါးကုသမှု ခံယူနေသူများအတွက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (YMBA)နှင့် အလှူရှင်များက Surgical Mask နှင့် အာဟာရ ဒါနကျွေးမွေးရန် ငါးမြစ်ချင်းများ ပေးအပ် လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တပ်မတော်ဆေးရုံများ၌ ကျင်းပပြုလုပ်သည်။

လှူဒါန်းပွဲများတွင် ဆေးရုံတပ်မှူးများက အဖွင့်အမှာစကားပြောကြားပြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းက အလှူရှင်များကိုယ်စား လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များ ဖြစ်ကြသည့် China Myanmar Economic Cooperation and Development Promotion Association Co.,Ltd မှ President ဖြစ်သူ Mr. LI FUQUAN က Surgical Mask ၅၀၀၀၀ ကိုလည်းကောင်း၊ ဦးရဲနိုင်မိသားစု Gold Luck Co.,Ltd မှ ငါးမြစ်ချင်းပိဿာ ၅၀ ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်(YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းမိသားစုက ငါးမြစ်ချင်းပိဿာ ၁၀၀ ကိုလည်းကောင်း၊ ဦးစိုးထွန်းငြိမ်း – ဒေါက်တာသီရိဖြိုး(လမင်းတစ်ရာ ကုမ္ပဏီ)မှ ငါးမြစ်ချင်းပိဿာ ၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံတပ်မှူးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA)နှင့်အလှူရှင်များက ရန်ကုန်မြို့ရှိ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံကြီးသို့ နှာခေါင်းစည်းနှင့် အာဟာရဒါနများပေးအပ်လှူဒါန်းစဉ်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၄

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးခိုင်ဆာ(ခ)ဦးလင်း | အထက်တန်းပြ၊ အထကခွဲ(မဒူ)၊ မတူပီမြို့နယ်။ | မတူပီမြို့၊ ချင်းပြည်နယ်။ | ၅၀၅-က |  |
| ၂ | ဦးဇေယျာလှိုင် | အထက်တန်းပြ၊ အထက(သရက်တန်း)၊ ထန်းတပင်မြို့နယ်။ | ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဦးဝင်းငွေ | အထက်တန်းပြ၊ အထက(အုတ်ဖို)၊ အုတ်ဖိုမြို့နယ်။ | အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဦးအောင်သူ(ခ) အောင်ကျော်သူ | အထက်တန်းပြ၊ အထက(တနော်ကျွန်း)၊ ဝေါမြို့နယ်။ | ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဦးကျော်သင်း | အထက်တန်းပြ၊ အထက(ဇီးကုန်း)၊ ဇီးကုန်းမြို့။ | ဇီးကုန်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဦးကုဋ္ဌေစိန် | အထက်တန်းပြ၊ အထက(၂)၊ နောင်ချိုမြို့။ | နောင်ချိုမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၇ | ဦးအေးလင်းအောင် | ကာယဆရာ၊ အထက(၉)၊ အောင်မြေသာစံမြို့နယ်။ | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဦးလှိုင်မျိုးဝင်း | အလယ်တန်းပြ၊ အလက(ညောင်အင်း)၊ ပဲခူးမြို့နယ်။ | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါ်ရီရီငွေ | အလယ်တန်းပြ၊ အထက(၃)၊ မုဒုံမြို့။ | မုဒုံမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၀ | ဦးရဲမင်းထွန်း | အလယ်တန်းပြ၊ အလက(ထနောင်းကုန်း)၊ စလင်းမြို့နယ်။ | စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |



ဦးဇေယျာလှိုင်(အထက်တန်းပြ၊ အထက-သရက်တန်း၊ ထန်းတပင်မြို့နယ်)မှ ဦးဆောင်၍ဆန္ဒဖော်ထုတ်နေစဉ်


ဦးဝင်းငွေ(အထက်တန်းပြ၊ အထက၊ အုတ်ဖိုမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်



ဦးအောင်သူ(ခ)ဦးအောင်ကျော်သူ(အထက်တန်းပြ၊ အထက-တနော်ကျွန်း၊ ဝေါမြို့နယ်)မှ ဦးဆောင်၍ဆန္ဒဖော်ထုတ်နေစဉ်



ဦးကျော်သင်း(အထက်တန်းပြ၊ အထက၊ ဇီးကုန်းမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်


ဦးခိုင်ဆာ(ခ)ဦးလင်း (အထက်တန်းပြ၊ အထကခွဲ-မဒူ၊ မတူပီမြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်

စာမျက်နှာ ၁၇ သို့

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလယ်ကျေးရွာ အနော်ရထာလမ်း လူသတ်မှုနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ရပ်ကွက် အောင်ဇေယျ ကြိုးတံတားထိပ်၌ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိမှု ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်



တရားခံ စွမ်းခန့်သူ



တရားခံ ကျော်မြင့်ဦး (ခ) ရေခဲ

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလယ်ကျေးရွာ အနော်ရထာလမ်းရှိ ပိုင်ကြီး ဆိုင်ကယ်ပြုပြင်ရေးဆိုင်၌ စွမ်းခန့်သူ(ဘ) ဦးသန်းဇော်မျိုးသည် ညီအစ်ကို ဝမ်းကွဲတော်စပ်သူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အလယ် ကျေးရွာနေ အောင်ပိုင်(ခ)အေးမင်းပိုင်(ဘ) ဦးစိုးအေးနှင့်အတူ အရက်သောက်စား မူးယစ်ကာ စကားများ ရန်ဖြစ်ကြစဉ် စွမ်းခန့်သူက ဆိုင်ကယ်ပြင်ဆိုင်အမိုးတွင် ထိုးထားသော အရိုးအသွား ၁၀ လက်မခန့်ရှိ စကောဘာဓားဖြင့် ထိုးခဲ့ရာ အောင်ပိုင်(ခ) အေးမင်းပိုင်သည် ရင်ဘတ်ထိုးသွင်းဒဏ်ကြောင့် သေဆုံးခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ရာဇသတ်ကြီး ပုဒ်မ-၃၀၂(၂) အရ မေ ၃ ရက်တွင် "အလုပ်နှင့်ထောင်ဒဏ် အနှစ် (၂၀)" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့ပြင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)ရပ်ကွက် အောင်ဇေယျ ကြိုးတံတားထိပ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုများကို စစ်ဆေးဆောင်ရွက်စဉ် မတ် ၃၀ ရက် ည ၇ နာရီ ၅ မိနစ် ခန့်တွင် ဦးဝင်းမြင့် မောင်းနှင်လာသည့် Caldina အမျိုးအစား အဖြူရောင် မော်တော်ယာဉ် အမှတ်၊ YGN 5D/--- အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကျော်မြင့်ဦး (ခ) ရေခဲ(ဘ)ဦးတင်ရွှေ၏ ပြောက်ကျားဘေးလွယ်အိတ်အတွင်းမှ ပလတ်စတစ်အကြည်ရောင်အိတ်ဖြင့် ထည့်ထားသည့် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ အအေးစုပ်ပိုက် တစ်ချောင်း၊ မူးယစ်ဆေးဝါး သုံးစွဲထားသည့် ခဲပြား နှစ် ခု၊ ခဲပြားအသစ် နှစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး (သို့မဟုတ်)စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လက်ဝယ်ထားရှိခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ – ၁၆(ဂ) အရ မေ ၃ ရက်တွင် " အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြှိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ( Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက်တို့မှ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၄**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလျှုဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ရှမ်းကျောင်း ကျေးရွာ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၆၀၀၀ အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်း ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၄၀၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိနယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*




ဦးကုဋ္ဌေစိန်(အထက်တန်းပြ၊ အထက-၂၊ နောင်ချိုမြို့)မှ ဦးဆောင်၍ဆန္ဒဖော်ထုတ်နေစဉ်




ဦးလှိုင်မျိုးဝင်း(အလယ်တန်းပြ၊ အလက(ညောင်အင်း)၊ ပဲခူးမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးရဲမင်းထွန်း(အလယ်တန်းပြ၊ အလက(ထနောင်းကုန်း)၊ စလင်းမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးအေးလင်းအောင်(ကာယဆရာ၊ အထက(၉)၊ အောင်မြေသာစံမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်ရီရီငွေး(အလယ်တန်းပြ၊ အထက-၃၊ မုဒုံမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်အတွင်း လမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေသည့် လမ်းလုပ်သားများအား KIA အဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော်  မေ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း မိုင်တိုင်အမှတ် ၁၀၁ ကီလိုမီတာနှင့် ၁၀၂ ကီလိုမီတာကြား၌ လမ်းပြုပြင်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၂)မှ ဇင်မျိုးအောင်(ဘ) ဦးစိန်လှအောင် မောင်းနှင်ပြီး လမ်းလုပ်သား ကိုးဦး လိုက်ပါလာသည့် SKAT အမျိုးအစား မော်တော်ယာဉ်အမှတ်၊ 5G/--- သည် လမ်းပြုပြင်ရန်အတွက် ၁၀၃ ကီလိုမီတာသို့ သွားရောက်စဉ် ဧပြီ ၃၀ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် တီယန်ဇွတ်ကျေးရွာ၏ မြောက်ဘက် ခုနစ်မိုင်ခန့်အကွာနေရာသို့အရောက်၌ KIA အဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပစ်ခတ်မှုကြောင့် လမ်းလုပ်သားများဖြစ်ကြသည့် ကျော်မြင့်(ဘ)ဦးဘိုနီ၊ မတင်မာအေး(ဘ)ဦးထွန်းစိန်နှင့် မခင်နွေဦး(ဘ)ဦးတင်ငွေတို့တွင် လက်နက်ငယ်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြု တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်သူများအား လူစုခွဲရှင်းလင်း၊ အမျိုးသားနှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းရမိ

**နေပြည်တော်  မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ မေ ၃ ရက်တွင် လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြု တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်သူများအား လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ အမျိုးသားနှစ်ဦးအား တူမီးသေနတ်၊ လက်လုပ်သေနတ်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် ဆည်တောကျေးရွာအထွက်အရောက်၌ ဦးဆောင်သူ လက်နက်ကိုင် အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် ဝိုင်းဝန်းရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ် လူစုခွဲခဲ့ရာ ညနေ ၆ နာရီ မိနစ် ၄၀ တွင် လက်နက်ကိုင်အကြမ်းဖက်သူများ လူစုကွဲဆုတ်ခွာသွားခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ တင်သားကျေးရွာနေ သိန်းဇော်(၅၃)နှစ် (ဘ)ဦးအေးမောင်နှင့် မြောက်စည်းရွာသစ်ကျေးရွာနေ ငွေအောင်(၅၆နှစ် ) (ဘ) ဦးတင်အုံးတို့ နှစ်ဦးအား လက်လုပ်သေနတ်အကြီး နှစ်လက်၊ လက်လုပ်မိုင်း လေးလုံး၊ တူမီးသေနတ် တစ်လက်၊ ယမ်းကြိုးခွေ တစ်ခွေ၊ ဝိုင်ယာကြိုးခွေ တစ်ခွေ၊ ဘက်ထရီအိုး နှစ်လုံး တို့နှင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း တစ်ထောင်ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  မေ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၃ ရက် ညနေပိုင်းတွင် ဖားကန့်မြို့နယ် ဆိပ်မူ-ဇော်ခါသွား ကားလမ်း၊ ဂျမ်ဂါကျေးရွာအနီး၌ စောင့်ဆိုင်းနေစဉ် လောက်ယီ(ခ)ဇော်ဂမ်(၂၈နှစ်)၊ ဒွဲအောင်(၂၈ နှစ်)နှင့် အိုင်ဆွေမြင့် (၂၆)နှစ်တို့ သုံးဦးအား မော်တော်ဆိုင်ကယ် နှစ်စီးဖြင့် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၁၀၄၆ သိန်း ကျော် တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၆၉၇၅၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော စိတ်ကြွ ရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်မှ ကချင်ပြည်နယ် ဖားကန့်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## ၂၉-၄-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၀)ပါ "နိုင်ငံပိုင်ရတနာတန်းဝင်ပျဉ်းကတိုးပင်များ ဥပဒေမဲ့ခုတ်လှဲနေခြင်းကို အမြန်ဆုံးတားဆီးပေးစေလို"ဟူသော အယ်ဒီတာ့ထံပေးစာအား ရှင်းလင်းဖြေကြားခြင်း



ပုသိမ်ခရိုင် ငပုတောမြို့နယ် ပိုးလောင်းကျေးရွာအနီး(ပုသိမ်-မော်တင်စွန်းကားလမ်းမကြီး မိုင်တိုင်အမှတ် (၆၂)မိုင်(၃)ဖာလုံ မြစ်တစ်ရာကြိုးဝိုင်း၊ အကွက်အမှတ်(၂၄၈)အတွင်း ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် တည်ထောင် စိုက်ပျိုးခဲ့သော (၂/၂၀၀၃)စီးပွားရေးပျဉ်းကတိုး စိုက်ခင်း ဧက ၂၀၀ အနက်မှ ဧက ၁၀၀ကို သစ်တောဦးစီးဌာနမှ ပထမအကြိမ်ပင်ကျပ်နုတ်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ တိုင်အလုံး ၂၄၀ နှင့် မျော ၁၈၄၅ လုံးထွက်ရှိခဲ့သည်။ သစ်တောပြုစု ထိန်းသိမ်းရေးလုပ်ငန်း တစ်ခုဖြစ်သော ပင်ကျပ်နုတ်ခြင်း ဆောင်ရွက်နေကြောင်း အများပြည်သူ သိရှိနိုင်ရန် အသိပေးဆိုင်းဘုတ် စိုက်ထူထားရှိပြီး ထွက်ရှိလာသော ပင်ကျပ်တိုင်များကို မြန်မာ့သစ်လုပ်ငန်းသို့ လွှဲအပ်နိုင်ရန် စုပုံထားရှိခြင်း ဖြစ်ပါကြောင်း (အပေါ်ပုံ)နှင့် ဥပဒေမဲ့ခုတ်လှဲခြင်း မဟုတ်ပါကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

**သစ်တောဦးစီးဌာန**

## ကချင်ပြည်နယ် မံစီမြို့နယ်ရှိ ရဲတပ်ဖွဲ့စခန်းအား လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်တိုက်ခိုက်

**နေပြည်တော်  မေ ၄**

ကချင်ပြည်နယ် မံစီမြို့နယ်ရှိ ရဲတပ်ဖွဲ့စခန်းအား မေ ၃ ရက်တွင် လက်နက်ကိုင် သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် မံစီမြို့နယ်ရှိ ရဲတပ်ဖွဲ့စခန်းအား လက်နက်ကိုင်သောင်းကျန်းသူများက ရဲစခန်း၏ အရှေ့တောင်ဘက် ကိုက် ၅၀၀ ခန့်အကွာရှိ သစ်တောအတွင်းမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရဲစခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် လက်နက်ကိုင် သောင်းကျန်းသူများ အရှေ့ဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၄-၄-၂၀၂၁)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၅ - ၂၀၂၁

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၈၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၈၀၇၀၀ |

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀ | ကျပ် | ၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၉၂၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၁၀ | ကျပ် | ၁၀၇၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၃၀၈ | ၂၈၀၂၈၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၃၉၉ | ၁၃၇၆၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁ | ၁၉၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန် စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

(၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# ကူညီကယ်ဆယ်လိုသော ပရဟိတစိတ်ဓာတ်တို့ဖြင့် ရပ်တည်နေသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

**အောင်မျိုးထွန်း(AMT)**

**တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဖွဲ့စည်းထားသည့် မီးသတ်အစည်းအရုံးဝင် မြို့နယ်ကိုယ်စားပြုခေါင်းဆောင်များ စုရုံးလျက် ၁၉၄၆ ခုနှစ် မေလ ၅ ရက်က ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကြီးကို ပထမအကြိမ် ကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံကြီးသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တက်ရောက် အမှာစကားမိန့်ကြားခဲ့၏။ ယင်းသို့ ညီလာခံကြီး ကျင်းပနိုင်ခဲ့သည်ကို အမှတ်ရစိမ့်သောငှာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အဖြစ် အခမ်းအနားများကို နှစ်စဉ် မေလ ၅ ရက်နေ့တိုင်း ပြုလုပ်ကျင်းပလာခဲ့သည်မှာ (၇၅)နှစ်မြောက် တိုင်ခဲ့ပြီဖြစ်သည်။**

နှစ်သက်တမ်းအားဖြင့် ၇၅ နှစ်ဟု ဆိုသော်လည်း သမိုင်းမှတ်တမ်းများအရ ခရစ်သက္ကရာဇ် အေဒီ ၁၀၄၄ – ၁၀၇၇ ခုနှစ်(မြန်မာသက္ကရာဇ် ၄၀၆ ခုနှစ်မှ ၄၃၉ ခုနှစ်အထိ) ပုဂံထီးနန်းကို စိုးစံခဲ့သော အနော်ရထာမင်းကြီးလက်ထက်တွင် **“သောသောညံ ပုဂံမီးဆော်မောင်း”** ဆိုသည့် ဂဏန်း အမှတ်အသား သံခိပ်(လက်ိာ)အရ တစ်နည်းအားဖြင့် နေ့နံ့သင့် သချ်ာနည်းအရ ရှေးခေတ်အခေါ် မီးကပ်သား ၆၆၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်မှာ နှစ်ပေါင်း ၉၇၆ နှစ်၊ ယေဘုယျအားဖြင့် နှစ်ပေါင်း ၁၀၀၀ နီးပါးခန့်ရှိခဲ့ပြီဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့မီးသတ်တပ်ဖွဲ့များ စတင်ပေါ်ပေါက်ခဲ့သည့် သမိုင်းမှတ်တမ်းများနှင့် နှိုင်းယှဉ်ပါက ရှေးအကျဆုံးသော မီးသတ်တပ်ဖွဲ့အဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင် စသော ခေတ်အဆက်ဆက်ရှိ ရှေးမြန်မာမင်းများလက်ထက်တွင် မီးသတ်တပ်ဖွဲ့များရှိခဲ့ပြီး မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းအရ လေ့လာသိရှိနိုင်သည်။

**ကိုလိုနီခေတ် မီးသတ်တပ်ဖွဲ့**

အင်္ဂလိပ်အစိုးရတို့ အုပ်ချုပ်သော ကိုလိုနီခေတ်တွင် မီးသတ်တပ်ဖွဲ့များကို ရန်ကုန်မြူနီစီပယ်ကော်မတီက ၁၈၈၃ ခုနှစ်တွင်လည်းကောင်း၊ မန္တလေးမြူနီစီပယ်ကော်မတီက ၁၈၉၈ ခုနှစ်တွင်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ ကိုလိုနီခေတ်က ယင်းကဲ့သို့ မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခဲ့သော်လည်း မီးဘေးလုံခြုံရေးမှာ အဓိက ပြည်သူလူထုအကျိုးအတွက် မဟုတ်ခဲ့ပေ။ ဗြိတိသျှ ကိုလိုနီပိုင် စီးပွားရေးလုပ်ငန်းများကို မီးလောင်ဆုံးရှုံးခြင်းမှ ကာကွယ်ရန်အတွက် ဖြစ်ခဲ့သည်။

အဆိုပါ ကိုလိုနီစီးပွားရေးကို ကာကွယ်ပြီး မြန်မာနိုင်ငံသားများ အကျိုးစီးပွားကို ကာကွယ်မှု မပေးနိုင်သည့်အတွက် ၁၉၃၂ ခုနှစ် ကိုလိုနီခေတ်ကာလအတွင်း မြန်မာ့မျိုးချစ်လူငယ်များက **“မိမိရပ်ရွာကို မိမိတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက်ရမည်”**ဟူသော ပရဟိတ အသိစိတ်ဖြင့် အပျော်တမ်းမီးသတ်တပ်ဖွဲ့များအဖြစ် ရန်ကုန်မြူနီစီပယ် အက်ဥပဒေနှင့်အညီ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ရပ်ရွာအလိုက် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများတွင် လေ့လာတွေ့ရှိရသည်။ ထိုစဉ်အခါက ဖွဲ့စည်းခဲ့သော စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များမှာ မီးလောင်လျှင် ငြိမ်းသတ်ရန်အတွက်မျှသာ ဖြစ်ခဲ့သည်။



ပိုလန်နိုင်ငံထုတ် LUF 60 ဖြင့် မီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြသစဉ်။

၁၉၄၇ ခုနှစ်တွင် ပညာရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးဌာန၏ အမိန့်အရ မီးဘေးတားဆီးရေးနှင့် မီးဘေးကာကွယ်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန် မီးသတ်ဌာနကို မီးသတ်ညွှန်ကြားရေးဝန် အပါအဝင် အရာထမ်း ၂၁ ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေဌာနခွဲ၏ နိုင်ငံတော်အစိုးရ မီးသတ်ဌာနတွင် ဝန်ထမ်း ၆၃၆ ဦးဖြင့် ဖြည့်တင်းဖွဲ့စည်းခဲ့သည်။

**တော်လှန်ရေးကောင်စီခေတ် မီးသတ်တပ်ဖွဲ့**

တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင် မီးသတ်တပ်ဖွဲ့ကို အခြားသော လက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ စည်းကမ်းသေဝပ်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ရည်ရွယ်လျက် မီးသတ်အဖွဲ့အစည်းကို “တပ်ဖွဲ့” အသွင် ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေအရ ရန်ကုန်မြူနီစီပယ်၊ မန္တလေးမြူနီစီပယ် မီးသတ်ဝန်ထမ်းများနှင့် အခြားသော ဒေသန္တရတို့ရှိ မီးသတ်တပ်ဖွဲ့များကို ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်ကာ အစိုးရမီးသတ်ဌာနမှ လွှဲပြောင်းယူခဲ့သည့်အတွက် ဝန်ထမ်းအင်အား ၁၃၅၀ အထိ ရှိလာခဲ့သလို အကွဲကွဲအပြားပြား ဖြစ်နေသော စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့အစည်းအမျိုးမျိုးကိုလည်း “အရန်မီးသတ်တပ်ဖွဲ့” အဖြစ်လည်းကောင်း၊ အချို့သော အစိုးရဌာန၊ ဘုတ်ကော်ပိုရေးရှင်း၊ စက်ရုံ/အလုပ်ရုံတို့ရှိ မီးသတ်အဖွဲ့များကို “သီးသန့်မီးသတ်တပ်ဖွဲ့”အဖြစ်လည်းကောင်း ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၁၉၇၂ ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးဖော်ထုတ်မှုအစီအစဉ်အရ အခြားဌာနများမှ ဝန်ထမ်း ၄၈ ဦး အစိုးရမီးသတ်ဌာနသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သလို ၂၄ နာရီ တာဝန်ထမ်းဆောင်သည့် မီးသတ်တပ်ဖွဲ့ ဖြစ်လာခဲ့သည်။ ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံ အင်အား ၂၄၇၇၉ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး လက်ရှိခန့်ထားအင်အား ၁၄၃၀၈ ဦးအထိ ရှိလာခဲ့သည်။ တစ်ဖန် မီးသတ်လုပ်ငန်းများကို အထောက်အကူဖြစ်လာစေရန် ဖွဲ့စည်းထားသည့် အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၅၈၆၅၄ ဦးနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၈၉၁၉ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

**မီးသတ်တပ်ဖွဲ့ ပြောင်းလဲလာမှု**

ယနေ့ကမ္ဘာကြီးတွင် တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ဖြစ်ပေါ်လာတတ်သည့် ဘေးအန္တရာယ်အသွယ်သွယ်ရှိလာခဲ့သလို နည်းပညာရပ်များကြောင့်လည်း သဘာဝဘေးအန္တရာယ်များကို စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ရာသီမှန် တိုက်ခတ်လေ့ရှိသည့် မုတ်သုံလေစီးကြောင်းများ၏ အကျိုးကျေးဇူးကြောင့် တစ်နှစ်ပတ်လုံး မိုးရေချိန်၏ ယေဘုယျ ၈၀ ရာခိုင်နှုန်းကျော်ကို မုတ်သုံကာလအတွင်း ရရှိခဲ့ပြီး မြန်မာ့ရေသယံဇာတအတွက် အဓိက အကျိုးဖြစ်ထွန်းခဲ့ရသော်လည်း ရာသီအခါမဲ့ မိုးရွာသွန်းမှုများနှင့် ကာလကြာရှည် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များဖြစ်သည့် အချိန်တိုအတွင်း မိုးကြီး၊ မိုးသည်းထန်မှုများကြောင့် ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုတောင်ပြိုခြင်းများ ဖြစ်ပေါ်လာသည်ကို လေ့လာတွေ့ရှိနိုင်သည်။ မိုးကြီးခြင်းများသည် တောင်ပေါ်ဒေသများတွင် ဖြစ်ပွားပါက တောင်ပေါ်ဒေသအတွက် တောင်ပြိုမှုကြုံရသလို မြေနိမ့်ဒေသများအတွက်လည်း ရုတ်တရက် ရေကြီးရေလျှံမှုဘေးအန္တရာယ်များ ကြုံတွေ့လာရသည်။

ဤသို့သော ရာသီဥတု၏ စိန်ခေါ်မှုဖြစ်စဉ်အရပ်ရပ်များကြောင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ရှေးယခင်ကာလများကကဲ့သို့ မီးငြိမ်းသတ်ရုံတစ်ခုတည်း မဟုတ်တော့ဘဲ ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ရည်မှန်းချက် တာဝန်ကြီး(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သမိုင်းပေးတာဝန်အဖြစ် ထမ်းဆောင်နေရပြီဖြစ်သည်။

**၂၄ နာရီ တာဝန်ထမ်းဆောင်**

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ သမိုင်းပေးတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုအပေါ် မီးဘေးအန္တရာယ် အပါအဝင် သဘာဝဘေးအန္တရာယ်များ မကျရောက်နိုင်စေရေး ကြိုတင်ကာကွယ်ခြင်း၊ ဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာကလည်း မြန်မြန်သိရှိ၊ မြန်မြန်သွားရောက်၍ မြန်မြန် ကူညီကယ်ဆယ်နိုင်ရေးတို့အတွက် ကြိုတင်စုဖွဲ့ လေ့ကျင့်နေမှုများ ပြုလုပ်ထားကြရသည်။ ထို့အတွက်ကြောင့်ပင်လျှင် မီးသတ်တပ်ဖွဲ့ဝင်တိုင်းသည် အမြဲတမ်းလေ့ကျင့်၊ အမြဲတမ်းစစ်ဆေးသတိပေး၊ အမြဲတမ်း အသင့်ရှိစေရေး ၂၄ နာရီ တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့တစ်ခုဖြစ်လာခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဘေးအန္တရာယ်စိန်ခေါ်မှုများအပေါ် မြန်မှန်ထိရောက်မှုရှိသော ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံအင်အား Men Power ရရှိစေရန် စနစ်တကျ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအား ဌာနတွင်း၊ ဌာနပြင်ပ သင်တန်းများဖြစ်သည့် ပြည်တွင်းသင်တန်းများ သင်ကြားစေခြင်းနှင့်အတူ ဥရောပ၊ အာရှ အစရှိသည့် နိုင်ငံ

*စာမျက်နှာ ၂၁ သို့*

**✣ ရာသီဥတု၏ စိန်ခေါ်မှုဖြစ်စဉ်အရပ်ရပ်များကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ရှေးယခင်ကာလများကကဲ့သို့ မီးငြိမ်းသတ်ရုံတစ်ခုတည်း မဟုတ်တော့ဘဲ ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ရည်မှန်းချက် တာဝန်ကြီး(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သမိုင်းပေးတာဝန်အဖြစ် ထမ်းဆောင်နေရပြီဖြစ်**

# ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် တွေ့ဆုံ

စစ်တွေ မေ ၄

**ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့်အတူ ယမန်နေ့က စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ တက္ကသိုလ်၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

တွေ့ဆုံပွဲတွင် ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက မေ ၅ ရက်တွင်တက္ကသိုလ်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည့်အတွက် တက္ကသိုလ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ ဆရာ ဆရာမများကလည်း လိုအပ်ချက်များကို တင်ပြပေးနိုင်ရန်အတွက် တွေ့ဆုံပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများ ပိတ်ထားခဲ့ရကြောင်း၊ ယခုကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ခြင်းသည် ကျန်းမာရေးသည် အရေးကြီးသကဲ့သို့ ပညာရေးနှင့် စီးပွားရေးသည်လည်း အရေးကြီးသည့်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်ရောဂါ ကာကွယ်ရေးအတွက်လည်း မိမိတို့ စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ဆရာ ဆရာမများကလည်း မိမိတို့ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြပြီး မိမိဒေသ၊ မိမိတို့ မျိုးဆက်သစ် ကလေးငယ်များအတွက် အကျိုးရှိမည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင် ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စစ်တွေတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်က စစ်တွေ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အသုံးပြုခဲ့သော ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ ပြန်လည်ပြုပြင်ရန်လိုအပ်ချက်၊ ကျောင်းကားများ ပြန်လည်ပြေးဆွဲနိုင်ရေး၊ ကျောင်း ဖွင့်လှစ်ရန်အတွက် ဆရာ ဆရာမများ ပြည့်စုံစွာ တာဝန် ထမ်းဆောင်နေမှုနှင့် အောင်မြင်စွာ ကျောင်းဖွင့်လှစ်နိုင်မှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရေး နှိုးဆော်နေသည့် အခြေအနေများ၊ လုပ်ငန်းခွင်ဝင်ရောက်လိုသည့် ဆရာ ဆရာမများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရန် ဆွေးနွေးပေးနိုင်ရေးအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ် ဥပဒေချုပ်တို့က ပြန်လည်ဆွေးနွေး ဖြေကြားကြပြီးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တင်ထွန်း (ပြန်/ဆက်)**





# မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်ထားမှုအခြေအနေ ကြည့်ရှု

**မော်လမြိုင် မေ ၄**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က မော်လမြိုင်မြို့ အတွင်းရှိ ပြည်သူ့ဆေးရုံများ ပြန်လည် ဖွင့်လှစ်ထားမှု အခြေအနေ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား လှည့်လည်ကြည့်ရှုကာ လူနာများအား အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်ပြီး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ် ၂၅ သိန်းကို ထောက်ပံ့ပေးအပ်ကာ မော်လမြိုင် အထွေထွေ ရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားပြီး တက်ရောက်လာကြသော ဆရာဝန်များက လိုအပ်သည်များ ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ခုတင် (၂၀၀) ဆံ့ အမျိုးသမီးနှင့် ကလေး ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော ကလေးငယ်များအား လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအတွက် အာဟာရဖြည့်စွက် အစားအစာများထောက်ပံ့ပေးအပ်ကာ အစည်းအဝေးခန်းမတွင် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ အားပေးစကားပြောကြား၍ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ကန်ဖြူကျေးရွာရှိ နန်းတော် နွားအလှ မွေးမြူရေးခြံသို့ သွားရောက်၍ နွားများ စနစ်တကျ မွေးမြူထားမှုကို ကြည့်ရှုပြီး သဲအိမ်ကျေးရွာရှိ ပဒုမ္မာရော်ဘာ သန့်စင်စက်ရုံတွင် သန့်စင်ရော်ဘာများ ထုတ်လုပ်နေမှုကို စစ်ဆေးကြည့်ရှုကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ရပ်ခြားမှ နည်းပြများ ခေါ်ယူသင်ကြားခြင်းများအပြင် ပြည်ပနိုင်ငံများသို့လည်း ပညာသင်စေလွှတ်ခြင်းများ စသည့် မီးသတ်တပ်ဖွဲ့၏ Technology Power ရရှိစေရန် ဆောင်ရွက်ခြင်း၊ Equipment Power ရရှိရန်အတွက်လည်း မီးသတ်စခန်းများ အလိုက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စသော မီးသတ်ယာဉ်များကို နိုင်ငံတော်မှ ဖြည့်တင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ လူ့စွမ်းအား၊ နည်းပညာစွမ်းအားနှင့် ယာဉ်/ စက်ပစ္စည်းကိရိယာ စွမ်းအားများကို စနစ်တကျနှင့် ဟန်ချက်ညီညီ တည်ဆောက်ထားနိုင်ခဲ့ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များတွင် ပရဟိတအခြေခံသောစိတ်ဓာတ်များ ကိန်းအောင်းနေခြင်း၊ ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ယာဉ်/ စက်၊ ပစ္စည်းကိရိယာများကို စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရန် လေ့ကျင့်သားပြည့်ဝနေခြင်း စသည်တို့ကြောင့် မီးသတ်တပ်ဖွဲ့သည် ဆယ်စုနှစ် တစ်စုအတွင်း အများပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များကို အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် ကာကွယ် စောင့်ရှောက်ပေးနိုင်ခဲ့သော ဖြစ်စဉ်များစွာကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

ထို့အပြင် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ရေးတာဝန်များကိုသာမက မိုးခေါင်ရေရှားသည့် ကာလများတွင် ပြည်သူလူထုအတွင်း သောက်သုံးရေအခက်အခဲ မရှိစေရန်အတွက်လည်း မြို့နယ်များအလိုက် မီးသတ်ယာဉ်များဖြင့် သောက်သုံးရေဂါလန်များစွာကို တောရောမြို့ပါ အခမဲ့သွားရောက်ပေးဝေခြင်းဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကိုလည်း လက်တွေ့ကျကျ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်နိုင်ပေမည်။

ဤမျှသာမက မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးဘေးအန္တရာယ်၊ အခြား သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန် ပညာပေး စည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နေရသည်။




ကျေးရွာများတွင်ထားရှိသင့်သည့် အပေါ့စားမီးသတ်ယာဉ်များ။

အချုပ်အားဖြင့် ဆိုရလျှင်မီးသတ်ဦးစီးဌာနသည် သမိုင်းအစဉ်အဆက် ပြည်သူလူထုအတွင်း ကြုံတွေ့ခံစားနေရသော မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်နှင့် ကပ်ရောဂါဘေး အပါအဝင် အခြားမတော်တဆမှု စသော ဘေးဒုက္ခများ မဖြစ်ပွားမပေါ်ပေါက်စေရေးနှင့် ဖြစ်ပွားလာခဲ့ပါက အသက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပါးသက်သာစေရေးတို့အတွက် ပရဟိတစိတ်ဓာတ်အခြေခံဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသည့် တပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လျက် နေရာဒေသ အချိန်အခါနှင့် လူမျိုးဘာသာမရွေး ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်ဆောင်ရွက်နေသည့်တပ်ဖွဲ့ ဖြစ်ပါကြောင်း တင်ပြရင်းဖြင့် မွန်မြတ်လှစွာသော ပရဟိတစိတ်ဓာတ်များ အခြေခံ၍ ပြည်သူ့အကျိုးအတွက် ကျရာတာဝန်များကို ဘက်စုံ ကဏ္ဍစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား ကျရောက်လာသည့် (၇၅)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့မှသည် နှစ်ပေါင်းများစွာတိုင် သမိုင်းအဆက်ဆက် ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် ကူညီကယ်ဆယ်ဆောင်ရွက်နိုင်ပါစေကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ ။

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နတ်မောက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နတ်မောက် မေ ၄**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က နတ်မောက်မြို့နယ်ရှိ ကျောက်တံခါးဆည် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကျောက်တံခါးဆည်ရေသောက်စနစ်ဖြင့် နှမ်းစပါးစိုက်ပျိုးထားရှိမှု အခြေအနေ၊ ရွှေပန်းတောကျေးရွာအနီး လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ရွာမွန်-ဇီးဖြူကုန်း-ကျောက်ပန်းတောင်းလမ်း မိုင်တိုင် (၇/၂) မှ(၇/၅)ကြား ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပင်းဗောဓိရွှေညောင်တော်သို့ ဝင်ရောက်ဖူးမြော်ပြီး ပင်း အ.ထ.က ကျောင်းသန့်ရှင်းရေးနှင့် ကျောင်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ( ရွာမွန် - ဇီးဖြူကုန်း- ကျောက်ပန်းတောင်းလမ်း- တောင်ထောင့်- ကုန်းဇောင်းလမ်း)မြေသားတာပေါင်တင် ဂျင်း/ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဒီမိုကရေစီလမ်းစဉ်အတိုင်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်နေကြောင်း၊ ၂၀၀၈ အခြေခံဥပဒေကို လေးစားလိုက်နာရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအားလုံး ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းရေး အစီအစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍနှင့်အတူ မွေးမြူရေးကိုလည်း တွဲဖက်ဆောင်ရွက်သင့်ကြောင်းနှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းထားသောရည်မှန်းချက်များကို စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးစားပေးကြရန် လိုအပ်ကြောင်း မှာကြားသည်။ (ဓာတ်ပုံ)

တွေ့ဆုံပွဲအပြီးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့ ပြည်သူ့ဆေးရုံ ဖွင့်လှစ်ထားမှု အခြေအနေနှင့် အ.ထ.က(၂) ကျောင်းသန့်ရှင်းရေးနှင့် ကျောင်းဖွင့်နိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

ဥမ္မာခင်(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်

**မုံရွာ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ယမန်နေ့က မုံရွာမြို့ အမှတ်(၄) တပ်မတော်ဆေးရုံ ခုတင်(၃၀၀)တွင် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် တပ်မတော် အရာရှိကြီးများက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု မကွေးမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မကွေး မေ ၄**

(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းကို ယမန်နေ့က မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးမျိုးလှိုင် ဦးဆောင်၍ သန္ဓေ / အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၁၀၀ ဖြင့် မကွေးမြို့ လေးထပ်ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ကြသည်။

### ကြည့်ရှုအားပေး

ထို့ပြင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၄၀ တို့က စုပေါင်းသွေးလှူဒါန်းရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် အရာရှိများက ကြည့်ရှုအားပေးစကားပြောကြားပြီး ခွန်အားပြည့်အစားအစာ၊ ဆေးဝါးများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


# ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဟားခါးပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ဟားခါး မေ ၄**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် နယ်မြေခံတပ်မှ ဟားခါးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်သည့် ကျန်းမာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က အဆိုပါ ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဟားခါးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီး၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နယ်မြေခံတပ်မှထောက်ပံ့သည့် ဆန်၊ ကြက်ဥ၊ အသင့်စားခေါက်ဆွဲထုပ် စသည့် အခြေခံစားသောက်ကုန်များကို တစ်ဦးချင်းထံ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယတိုင်းမှူးနှင့် ပြည်နယ်ကောင်စီ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်သည့် လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။



ပြည်နယ်
(ပြန်/ဆက်)

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၄**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ခင်သန္တာဆန်း (အထူးကု) | ပြည်သူ့ဆေးရုံ ကသာမြို့ | မဟာအောင်မြေမြို့နယ်၊ မန္တလေးလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ လှိုင်းဇော်ထက် (အထူးကု) | ရန်ကင်း ကလေးဆေးရုံ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ အောင်အောင် (အထူးကု) | ဥတ္တရသီရိ ကလေးအထူးကု ဆေးရုံကြီး | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ကောင်းမြတ်အေးချမ်း (အထူးကု) | ဥတ္တရသီရိ ကလေးအထူးကု ဆေးရုံကြီး | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ရီရီလွင် (အထူးကု) | ဥတ္တရသီရိ သားဖွားမီးယပ်အထူးကု ဆေးရုံကြီး | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ အောင်ပြည့်ဖြိုး (အထူးကု) | ဥတ္တရသီရိ ကလေးအထူးကု ဆေးရုံကြီး | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ဝတ်မှုံထွန်း (ဆေးရုံအုပ်) | ကလေးဝ ပြည်သူ့ဆေးရုံ | ကလေးဝမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ စိုင်းဝန်းလတ်မုန့် (လ/ထ ဆရာဝန်) | ကျိုင်းတုံပြည်သူ့ ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ အိမ္မွန်ကိုကို (အထူးကု) | ပုသိမ်ကြီး ပြည်သူ့ဆေးရုံ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ ဇင်မာလတ် (လ/ထ ဆရာဝန်) | မိုးကုတ် ပြည်သူ့ဆေးရုံ | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ စိုင်းဝန်းလတ်မုန့် (လ/ထ ဆရာဝန်)သည် "စေတနာ" ဆေးရုံ၌လည်းကောင်း၊ ပုသိမ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ အိမ္မွန်ကိုကို (အထူးကု)သည် "မန္တလာ" ဆေးရုံ၌ လည်းကောင်း၊ မိုးကုတ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဇင်မာလတ် (လ/ထ ဆရာဝန်) သည် အမည်မရှိဆေးခန်း၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်း မပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ စိုင်းဝန်းလတ်မုန့် (လ/ထ ဆရာဝန်၊ ကျိုင်းတုံပြည်သူ့ဆေးရုံ) အားဆေးကုသခွင့်ပေးထားနေသည့် "စေတနာ"ဆေးရုံမှတ်တမ်းဓာတ်ပုံ


ဒေါက်တာ စိုင်းဝန်းလတ်မုန့်


ဒေါက်တာ အိမ္မွန်ကိုကို (အထူးကု၊ ပုသိမ်ကြီးပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "မန္တလာ"ဆေးရုံမှတ်တမ်းဓာတ်ပုံ


ဒေါက်တာ အိမ္မွန်ကိုကို


ဒေါက်တာ ဇင်မာလတ် (လ/ထဆရာဝန်၊ မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် အမည်မရှိဆေးခန်းမှတ်တမ်းဓာတ်ပုံ


ဒေါက်တာ ဇင်မာလတ်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ပြည်သူလူထုမှ လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၄**

တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့်ပြည်သူလူထုများမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့အပ်နှံရာတွင် မေ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် မင်းတပ်ကျေးရွာမှ လက်လုပ်သေနတ် ၁၃ လက်အားလည်းကောင်း၊ ခင်ဦးမြို့နယ် ပင်တင်းကျေးရွာမှ လက်လုပ်သေနတ် တစ်လက်အားလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် သပြေကုန်းကျေးရွာအုပ်စုမှ တူမီးသေနတ် ၁၁ လက်အားလည်းကောင်း၊ ဖယ်ခုံမြို့နယ် ဈေးနောက်ကွက်သစ်ရပ်ကွက်မှ လက်လုပ်သေနတ် တစ်လက်အားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရိုးတန်းလယ်တီကျေးရွာမှ လက်လုပ်သေနတ် လေးလက်အား လည်းကောင်း။

ထို့အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် လောင်းမင်းကျေးရွာအုပ်စုမှ တူမီးသေနတ် ၂၀ လက်ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ တောင်မြင့်ရွာမကျေးရွာမှ တူမီးသေနတ် ၁၂ လက်၊ လက်လုပ်လေသေနတ် ၁၂ လက်၊ တောင်မြင့်ရွာသစ်ကျေးရွာမှ တူမီးသေနတ် သုံးလက်၊ လက်လုပ်လေသေနတ် နှစ်လက်တို့အားလည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက် အပ်နှံခဲ့သည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော တူမီးသေနတ်နှင့် လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များအား လုပ်ဆောင်

**နေပြည်တော် မေ ၄**

နိုင်ငံတော်အတွင်း နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၃ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် (၆)ရပ်ကွက် လသာလမ်းရှိ RH & RV ဖုန်းအရောင်းဆိုင်ရှေ့တွင် ရပ်တန့်ထားသော မော်တော်ယာဉ်ကို လည်းကောင်း၊ ည ၆ နာရီ ၃၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ၇၈ လမ်းနှင့် စစ်ကိုင်းလမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို လည်းကောင်း၊ ည ၈ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မေတ္တာမြိုင်ရပ်ကွက် မြို့နယ်ပညာရေးမှူးရုံးကို လည်းကောင်း၊ ည ၈ နာရီ ၂၅ မိနစ်တွင် ကရင်ပြည်နယ် ကျုံဒိုးမြို့ (၁)ရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခရိုင်ဥက္ကဋ္ဌဖြစ်သူ ဦးစောရွှေ၏ နေအိမ်ကို လည်းကောင်း၊ ည ၉ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သိမ်းကုန်းကျေးရွာနှင့် မြောက်မန်းကြားကျေးရွာ ရွာချင်းဆက်လမ်းပေါ်၌ လည်းကောင်း၊ ည ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြားရှိ မြို့နယ်ပညာရေးမှူးရုံးကို လည်းကောင်း။





လသာမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှု။

## လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်

အလားတူ ယနေ့နံနက် ၃ နာရီတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ (ဃ) ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ရွှေတဆုပ်လမ်းကြားရှိ မြို့နယ်ပညာရေးမှူးရုံးအနီးရှိ ပျံကျဈေးတန်း အဟောင်းကို လည်းကောင်း၊ နံနက် ၄ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ မော်လမြိုင် ပညာရေးဒီဂရီကောလိပ်ဝင်း အတွင်းရှိကောလိပ်ဆိုင်းဘုတ်အနီး၌ လည်းကောင်း၊ နံနက် ၄ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်တရားရုံးတို့ကို လည်းကောင်း၊ နံနက် ၅ နာရီ မိနစ် ၂၀ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီးကို လည်းကောင်း၊ နံနက် ၆ နာရီ ၅ မိနစ်တွင် ချင်းပြည်နယ် ဟားခါးမြို့ ဖလမ်း-ဟားခါး ကားလမ်း မြို့အဝင် (၆)လမ်းဆုံအနီးကို လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်နေ ဦးရဲထွဋ် (၅၆) နှစ် (ဘ) ဦးသောင်းညွန့်၏ နေအိမ်ဈေးဆိုင်ကို လည်းကောင်း၊ ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်







လှိုင်းဘွဲ့မြို့ ပျံကျဈေးတန်း၌ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အနီးရှိ မြို့နယ်ပညာရေးမှူးရုံး ပျက်စီးမှု။

(ဈ)ရပ်ကွက် စက္ကဝတ်(၆)လမ်းရှိ ရာအိမ်မှူး ဦးရဲထွဋ်၏ နေအိမ်ကို လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းရပ်ကွက် ပန်းခြံစု(၃)လမ်းရှိ ရာအိမ်မှူး ဦးသန်းငွေ၏ နေအိမ်ကို လည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွားအင်း ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးကို လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဟံသာဝတီဘောလုံးကွင်းအတွင်းသို့လည်းကောင်း၊ နေ့လယ် ၁၁ နာရီ ၄၅ မိနစ်တွင် ကယားပြည်နယ် ဖရူဆိုမြို့ ထီးတရဲရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို လည်းကောင်း၊ နေ့လယ် ၁၂ နာရီခွဲတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ မြို့နယ်ပန်းခြံကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် (၁၇)ရပ်ကွက် ရွှေရင်အေးကျောင်းလမ်းရှိအမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းကို လည်းကောင်း ဆူပူအကြမ်းဖက်သူများက မော်တော်ဆိုင်ကယ်များဖြင့် လာရောက်၍ လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့ရာ ရပ်ကွက်ရုံးများ၊ နေအိမ်၊ အဆောက်အအုံများနှင့် မော်တော်ယာဉ်များ အနည်းငယ်ထိမှန်ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူ သုံးဦး ဗုံးစထိမှန်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း သိရှိရသည်။

## သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့

ထို့ပြင် ယနေ့နံနက် ၇ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်ဖနဲရပ်ကွက် ဒိုင်းဝန်းကွင်းလမ်းနေ ဦးကျော်နိုင်ဦး (၄၄)နှစ် (ဘ) ဦးကျော်စိုး၏ နေအိမ်ရှေ့၌ လည်းကောင်း၊ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့ အမှတ်(၄) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဘေးလမ်း ပလက်ဖောင်းပေါ်၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မေတ္တာမြိုင်ရပ်ကွက်ရှိ မြို့နယ်တရားရုံးဝင်းအတွင်း၌ လည်းကောင်း မပေါက်ကွဲသေးသည့် လက်လုပ်ဗုံးများတွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ်မဖြစ်စေရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

## အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

တရားမဝင်အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG အဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြေညာချက်များထုတ်ပြန်ခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပွားအောင် ဆောင်ရွက်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများအနေဖြင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသူများအား ပြည်သူများနှင့်အတူ ပူးပေါင်း၍ ဖမ်းဆီးရမိရေးနှင့် တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၄**

မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အအုံများအား ဆူပူအကြမ်းဖက်သူများက မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်

**နေပြည်တော် မေ ၄**

ဆူပူအကြမ်းဖက် လူအုပ်စုများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၃ ရက် နံနက် ၂ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျုံလမုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်လိုင်းခန်းကို လည်းကောင်း၊ ည ၇ နာရီ ၅၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပဲခူးလမ်းရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကိုလည်းကောင်း၊ ယနေ့နံနက် ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် အောင်သာယာရပ်ကွက် မနော်ဟရီလမ်း ၅၅ လမ်းနှင့် ၅၆ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကိုလည်းကောင်း၊ နံနက် ၇ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သဲကောလေးကျေးရွာရှိ ဒုတိယမြို့နယ်ပညာရေးမှူး၏ နေအိမ်ကို လည်းကောင်း ဆူပူအကြမ်းဖက်သမားများက မော်တော် ဆိုင်ကယ်များဖြင့် လာရောက်၍ မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သည်။ အဆိုပါမီးလောင်မှုများကြောင့် နေအိမ်အဆောက်အအုံများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ မီးလောင်ပျက်စီးခဲ့သည်။





လယ်ဝေးမြို့နယ်၌ ဒုတိယပညာရေးမှူးနေအိမ်အား မီးပုလင်းဖြင့် ပစ်ပေါက်မှု။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်ချိန်ကိုက်မိုင်း စမ်းသပ်ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဟောင်းပါ အမျိုးသား ၅ ဦးသေဆုံး၊ ၁ ဦးဒဏ်ရာရ

**နေပြည်တော် မေ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ မေ ၃ ရက်က အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်ချိန်ကိုက်မိုင်း စမ်းသပ်ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအပါအဝင် အမျိုးသား ၅ ဦး သေဆုံး၊ ၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက် ညနေ ၅ နာရီခန့်တွင် ပြည်မြို့နယ် နတ္တလင်းကျေးရွာအုပ်စု ကမ္ဘီလာကျေးရွာနေ ဦးမောင်စယ် (၆၁ နှစ်)(ဘ) ဦးမြမောင်၏ သံပုရာခြံအတွင်း၌ ပြင်းထန်သည့် တုန်လှုပ်မှုနှင့် အသံကျယ်လောင်စွာ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း အဆိုပါ နေရာတစ်ဝိုက်ရှိ ပြည်သူလူထုအချို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဆက်သွယ်အသိပေးအကြောင်းကြားလာခဲ့သဖြင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ သွားရောက်စိစစ်ခဲ့ရာ ပြည်မြို့နယ်၊ စံပြကျေးရွာနေ သက်ဝင်းလှိုင် (၃၅ နှစ်) (ဘ)ဦးစိန်လှိုင် တိုင်း(၁) လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင်ဦးစီး၍ အမျိုးသား ၆ ဦးသည် ဆိုင်ကယ် ၃ စီးဖြင့် ၎င်းခြံဝင်းအတွင်းသို့ ညနေ ၅ နာရီဝန်းကျင်၌ ရောက်ရှိလာခဲ့ပြီး ခဏအကြာ ပေါက်ကွဲသံ ပြင်းပြင်းထန်ထန်ကြားခဲ့ရခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ပေါက်ကွဲမှုကြောင့် ပြည်မြို့နယ် စံပြကျေးရွာနေ သက်ဝင်းလှိုင် (၃၅ နှစ်) (ဘ)ဦးစိန်လှိုင် တိုင်း(၁) လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင်၊ ပြည်မြို့ ရွာဘဲရပ်ကွက်နေ အောင်မင်းဖြိုး (၂၃နှစ်)(ဘ)ဦးသိန်းဇော်၊ ပြည်သာယာရပ်ကွက်နေ အေးမင်းသိန်း(၂၂နှစ်) (ဘ)ဦးမြင့်အေးနှင့် ဟန်ဇော်ဌေး(၂၂ နှစ်)(ဘ)ဦးဟန်ရှင်တို့လေးဦးသည် အခင်းဖြစ်နေရာတွင် သေဆုံးကာ ကမ္ဘီလာကျေးရွာနေ ချစ်သဲ(၃၀နှစ်)(ဘ)ဦးလှကြိုင်နှင့် ရွာဘဲရပ်ကွက်နေ စည်သူအောင် (၃၀ နှစ်)(ဘ)ဦးထွန်းရှိန်တို့နှစ်ဦးတွင် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ကို တွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဆေးဝါးကုသမှုခံယူနိုင်ရေး ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးစဉ် ချစ်သဲမှာ ပြင်းထန်စွာ ရရှိထားသောဒဏ်ရာများကြောင့် အဆိုပါနေ့ ညနေပိုင်းတွင် သေဆုံးသွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် စစ်ဆေးခဲ့ရာ အခင်းဖြစ်ပွားရာနေရာ၏ အနောက်ဘက် ပေ ၂၀ ခန့်အကွာ၌ ဝိုင်ယာကြိုးကို ကွိုင်ဖြင့်ဆက်သွယ်ထားပြီး တိပ်အပြာဖြင့်ပတ်ထားသည့် ဓာတ်ခဲ သုံးလုံး၊ Hello တံဆိပ်ပါ Keypad ဖုန်း ကာဗာအကွဲ တစ်ခု၊ Vivo တံဆိပ်ပါ ဖုန်းကိုယ်ထည် စတီးပြား တစ်ခုနှင့် ဘက်ထရီတစ်ခု၊ သုံးလက်မခန့် ဓာတ်ခဲအလွတ်တစ်လုံး၊ မူလီခေါင်း ဆိုဒ်စုံငါးခု၊ ပျက်စီးနေသော Samsung အပြာရောင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ် ဆက်လက်စစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။



မိုင်းပေါက်ကွဲမှု ဖြစ်ပွားသည့် အခင်းဖြစ်နေရာ။

**ရဲပြန်ကြား**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၃ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်- လားရှိုးကားလမ်း မိုင်တိုင်အမှတ် ၄၇ မိုင်နှင့် ၄၈ မိုင်ကြားရှိ စစ်ဆေးရေးဂိတ်၌ သီပေါမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသော "ရီရှင်း" ခရီးသည်တင် မှန်လုံယာဉ်ပေါ်တွင် တင်ဆောင်လာသည့် အထုပ်အတွင်းမှ လေးကိုင်းလေးခုနှင့် မြားတံ ၂၄၀ တို့ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ထီးလင်း- ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် ၁၃၃ မိုင် ၆ ဖာလုံ နှင့် ၇ ဖာလုံကြား၌ နှောင်းဝင်း(ဘ) ဦးညိုလှနှင့် နိုင်ဝင်း(ဘ)ဦးသာညွန့်တို့နှစ်ဦးအား တူမီးသေနတ်နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဘွတ်ကျေးရွာရှိ ဦးမျိုးဝင်း(ဘ)ဦးစောတင် အား လက်လုပ်သေနတ်နှစ်လက်၊ ဓားမျိုးစုံ ၃၇ ချောင်း၊ ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ည ၆ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်၊ အမှတ်(၂၈/ခ) မြေညီထပ်ရှိ SU & CO Luxury Boutique Cafe ဆိုင်အတွင်းမှ ဓာတ်ငွေ့ကာမျက်နှာဖုံး ၄၄ ခုကို လည်းကောင်း၊ ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပရပ်ကွက်၊ သရက်ရှင်းချောင်းဆည်အနီး ဦးခင်မောင်မြင့်(ဘ)ဦးအောင်ဇော်၊ ဦးညီတင်(ဘ) ဦးထွန်းတင်နှင့် ဦးကျော်သူ(ဘ) ဦးဘိုပြားတို့အား လက်လုပ်သေနတ်ခုနစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၈၅ နှင့် ၈၆ လမ်းကြား မြတောင်ကျောင်းတိုက်အတွင်းရှိ ရတနာပုံ ရွှေကျောင်းအတွင်းမှ လက်လုပ်ဒိုင်း ၁၂၀၊ အခြားစာရွက်စာတမ်းများနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ယနေ့နံနက် ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ ဝွေးသဲကျေးရွာ ကျွန်းစိုက်ခင်းအတွင်းရှိ အောင်တေဇ (၄၅ နှစ်) (ဘ) ဦးသန်းထွန်း၏ နေအိမ်မှ ၎င်းနှင့်အတူ အမျိုးသားခြောက်ဦးတို့အား လက်လုပ်သေနတ်လေးလက်၊ ဓားမျိုးစုံငါးချောင်း၊ ပြောက်ကျားဝတ်စုံနှစ်စုံ၊ ငွေစက္ကူရေရာ ငွေကျပ် ၈၄ သိန်းနှင့် အခြားဆက်စပ် ပစ္စည်းများဖြင့်လည်းကောင်း ၊ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် (က+ခ) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး (ခ-၄)လမ်းထိပ်ရှိ အမှိုက်ကန်အတွင်းမှ လက်လုပ်သေနတ်နှစ်လက်၊ ဂက်စ်ဘူးနှစ်ဘူး၊ ကော်ပိုက် နှစ်ချောင်းတို့ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ပဇဉ်းခေါင်းကျေးရွာ လမ်းဘေးမှ တူမီးသေနတ် တစ်လက်၊ ဝက်သက်ကျေးရွာ မြောက်ဘက် ထီးလင်း- ဂန့်ဂေါသွားလမ်း ၃ ထပ်ကွေ့ မိုင်တိုင်အမှတ် ၁၀၅ မိုင် ၂ ဖာလုံရှိ ရေထုတ်ပြွန်တံတားပေါ်၌ တံတားဖောက်ခွဲရန် တပ်ဆင်ထားသည့် လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း အသီးသီး တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။



လှဝင်းပါ ခြောက်ဦးအား အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်း ဆည်းထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်သူလူတစ်စုက အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်မှုများလုပ်ဆောင်

**နေပြည်တော် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဝိတုတ်ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းမြင့်(ဘ)ဦးမောင်တဲ၏နေအိမ်သို့ ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သူလူတစ်စုက ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး နေအိမ်အတွင်းရှိသူများအား တစ်လုံးထိုးလုပ်သေနတ်၊ တူမီးသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ၎င်းနေအိမ်၌ အကြမ်းဖက်သူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေါ်ဝင်းသူဇာ (ဘ) ဦးသန်းမြင့်သည် သေနတ်ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး မောင်မင်းခန့်နိုင်(ဘ) ဦးအဲထွန်းနှင့် ဒေါ်ညွန့်စန်း(ဘ) ဦးမြင့်ဆွေတို့နှစ်ဦးတွင် သေနတ်ထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် မောင်မင်းခန့်နိုင်သည် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။


အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ဝန်းကြီးကျေးရွာနေ ကျီးကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညိုပု(ဘ)ဦးညွန့်တင်သည် မေ ၄ ရက် ညနေပိုင်းတွင် ကျီးကန်ကျေးရွာနေ မိတ်ဆွေဖြစ်သူ ဦးမြင့်ဝင်းထံသို့ သွားရောက်ခဲ့ပြီး ပြန်လည်ထွက်ခွာလာစဉ် ကျေးရွာ၏ အနောက်ဘက် မီတာ ၅၀၀ ခန့်အကွာသို့အရောက်၌ အသင့်ပုန်းအောင်းစောင့်ဆိုင်းနေသည့် အကြမ်းဖက်လူတစ်စုက ဓားများဖြင့် တိုက်ခိုက်ခဲ့ရာ ဦးညိုပု၏ ဦးခေါင်း၊ ဝမ်းဗိုက်နှင့် လည်ပင်းတို့တွင် ဓားဒဏ်ရာများ ရရှိခဲ့ပြီး သေဆုံးခဲ့ကြောင်းနှင့် ၎င်း၏ ဆိုင်ကယ်နှင့် ဖုန်းအား အကြမ်းဖက်သူလူအုပ်စုမှ ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကွင်း၊ ၁ ကွင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကွင်း၊ ၁ ကွင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကွင်း၊ ၁ ကွင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကွင်း ၁ ကွင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၀၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁. ၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

# (၆)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ရဟန်း၊ ကျောင်း၊ မော်တော်ယာဉ်ဒါယိကာမကြီး

## ဒေါ်ခင်နွဲ့မွန် (သက်)

ခွဲခွာသွားသည်မှာ (၆)နှစ်ပြည့်သော်လည်း နေ့စဉ်အမြဲ လွမ်းဆွတ်သတိရနေပါသည်။

**မောင်နှင့်တကွ သားသမီး၊ မြေးများ**

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ အထက (တောင်နီ) န၀မတန်း(A)မှ စိုင်းအောင်ခမ်းလင်းအား စိုင်းအောင်ခန့်နိုင်ဟု ပြောင်းလဲခေါ် ပါရန်။

**စိုင်းအောင်ခန့်နိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လောင်းမြို့၊ အရှေ့ရပ်ကွက်နေ ဒေါ်ထွေးမြင့်စိန် ၁၃/ပလန(နိုင်) ဝ၀၄၂၀၃နှင့် ဒေါ်နန်းထွေးမြင့်စိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နန်းထွေးမြင့်စိန်**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ် (၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/မင်းဝိုင်းရပ်)၊ ဦးပိုင်အမှတ် (၁၃)၊ ဧရိယာ ၀.၁၁၁မ၀၉၃ ကေရှိ အစိုးရ(မြို့မြေ)အား ဒေါ်ငွေငွေသန်း (ဘ) ဦးထွန်းနိုင် ၉/လဝန(နိုင်) ၀၅၁၇၁၄ မှ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက် မူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၇၉၉၂၂ Kenbo Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သာနီစိုး ၉/လဝန(နိုင်) ၁၃၅၈၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(နေပြည်တော်)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ(၀.၁၁၁မ၀၅၅)ကေ၊ မြေကွက်အမှတ် (ပ-၄၄၀၆)၊ ဦးတင်ရွှေ (ဘ) ဦးမောင်ကို ၉/ပမန(နိုင်)၁၁၁၅၉၉ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်နန်းစိန်ခမ်းမော် (ဘ) ဦးဝါလိန် ၁၃/နခတ(နိုင်)၀၄၉၈၀၉မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်း ကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင် မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါက်တာ ငွေရည်ခိုင်(အင်းလေး၊ ဟဲယာရွာမ)
## မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(ငြိမ်း)
## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရွှေလိပ်ပြာ ကွန်ဒို(၂)၊ ဦးဘဟန်လမ်းနှင့် ကန်တော်လမ်းထောင့်၊ အမှတ် ၃(ဂ)ပထမထပ်နေ (ဦးဖိုးခိုင်-ဒေါ်မယ်နု)တို့၏သမီး၊ (ဦးအောင်သိန်း-ဒေါ်သန်းကြည်) တို့၏ချွေးမ၊ ဦးဖေစန်း၏ဇနီး၊ ဒေါက်တာအေးမင်းစန်း(ခွဲစိတ်အထူးကု ဆရာဝန်-YGH)၊ ဒေါက်တာထွန်းမင်းစန်း(Skynet)-မဥမ္မာရွှေ တို့၏မိခင်သည် ၄-၅-၂၀၂၁ရက်(အင်္ဂါနေ့)မွန်းလွဲ ၁:၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နယ်မြေ (၉)၊ အကွက်ကြီး (၈)၊ မင်းမနိုင်လမ်း၊ အိမ်အမှတ် (၉/၁၇၇)နေ ကျွန်မ ဒေါ်ထွေးငယ်(ခ)ဒေါ်ထွေးထွေးငယ် ၁၃/တကန(နိုင်)၂၆၃၁၁၃မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်ထွေးငယ်(ခ)ဒေါ်ထွေးထွေးငယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ တလုပ်လပ်(ရှေ့)၊ အပိုင်း (၅) နေ ဦးဝေမင်းဖြိုးနိုင် ၁၄/မအပ(နိုင်)၃၀၁၈၅၅ (ဘ)ဦးမြင့်နိုင်တို့သည် ၂၄-၄-၂၀၁၈ရက်တွင် မင်္ဂလာညှော့ခံပွဲကျင်းပကာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ကျွန်မ ဒေါ်ထွေးငယ်(ခ)ဒေါ်ထွေးထွေးငယ်နှင့် ဦးဝေမင်းဖြိုးနိုင်တို့သည် ယခုအချိန်ထိ တရားဝင်အကြင်လင်မယား အဖြစ်ရှိနေကြောင်း၊ ကျွန်မသာ ဦးဝေမင်းဖြိုးနိုင်၏ တရားဝင်ဇနီးတစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးငယ်(ခ)ဒေါ်ထွေးထွေးငယ်**
**အမှတ် (၉/၁၇၇)၊ မင်းမနိုင်လမ်း၊ အကွက်ကြီး (၈)၊ နယ်မြေ (၉)၊**
**အေးသာယာမြို့၊ တောင်ကြီးမြို့နယ်**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နှယ်ခွေစံပြကျေးရွာအပိုင်၊ ထန်းပင်ချောင်ဟုခေါ်တွင်သော ဘားလားချောင်းနှင့် ဖြတ်မြောင်းအတွင်းရှိ သီးခြားဖြစ်နေသော မြေလွတ် မြေရိုင်း၊ ပလပ်မြေ (၃ ဧက)အား ၂၀၀၂ ခုနှစ်တွင် မူလလုပ်ကိုင်သူ မောင်ထွန်းဝင်း ထံမှ ဒေါ်ငွေကြိုင်(ဘ)ဦးသိန်းခ ( HGU- 157909) မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး အဆိုပါ ဝယ်ယူခဲ့သည့် ၂၀၀၂ မှစ၍ ယနေ့အချိန်အထိ နှစ်ပေါင်း ၁၉ နှစ် တိုင်တိုင်ဒေါ်ငွေကြိုင် တစ်ဦးတည်း အရှုပ်အရှင်း ကင်းစွာဖြင့် လက်ရှိလုပ်ကိုင် ပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မို့မို့ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်- ၁၃၈၈၂**
**အခန်း(၃)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့၊ နဂါးရုံ ဘုရားလမ်း (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်**
**ဖုန်း- ၀၉- ၄၂၀၀၈၁၈၄၉၊ ၀၉-၇၉၅၅၀၂၃၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ မေခလမ်းသွယ် (၃) လမ်း၊ အမှတ် (E-၂၉)ဟု ခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၉ (က+ခ)/၃၃ (က+ခ)၊ လူနေရပ်ကွက်အမှတ်-မေခအိမ်ရာ၊ မြေကွက်အမှတ်-၅၃/၁၀/က၊ ဧရိယာ ၀.၁၁၁မ၀၆၄ကေရှိ နှစ် ၆၀ မြေငှားမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မျိုးဆက် ၁၂/လမတ(နိုင်)၀၀၂၃၆၃ ထံမှ ဝယ်ယူထားသည့် ဒေါ်အေးမြင့်သန်း ၁၄/ဝခမ(နိုင်)၀၀၂၇၆၉ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေများက စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၇၁)**
**အမှတ် -၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နောင်အင်တောင်ရွာ၊ အကွက်ကြီး(၆၄)၊ ရပ်ကွက်(၆)၊ အမှတ်(မ/၇၅)နေ ဒေါ်ငွေးတင့် ၁၃/ တကန(နိုင်)၁၉၇၅၄၈ နှင့် ဦးစိုင်းလီထွေးသိန်းသန်း ၁၃/ကလန(နိုင်)၈၅၈၁၀၈ တို့သည် ၁၃-၃-၂၀၁၇ ရက်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ ဒေါ်ငွေးတင့်နှင့် ဦးစိုင်းလီထွေးသိန်းသန်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှု မရှိတော့ပါသဖြင့် ၁၇-၁၂-၂၀၁၈ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ဦးစိုင်းလီထွေးသိန်းသန်းနှင့် ပတ်သက်သော ကိစ္စအဝဝအားလုံးသည် ဒေါ်ငွေးတင့်နှင့် သက်ဆိုင်မှုမရှိတော့ကြောင်း ကြေညာ အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ငွေးတင့်** | **ဒေါ်စုစုထွေး(ခ)ဒေါ်နုနု(LL.B,C.B.L)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၉၈၂၂(၂၉-၄-၂၀၁၄)** |
| | **အမှတ်(ရ/၆၈၅)၊ ရွှေတောင်ရပ်၊** |
| | **နယ်မြေ(၃)** |
| | **တောင်တန်းရှည်လမ်း၊ တောင်ကြီးမြို့** |

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲ ၃၈၂၃ ရဲမှူး ဟိန်းထက်
## မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မံစီမြို့နယ်ရဲတပ်ဖွဲ့
## အသက်(၃၅)နှစ်

ရဲ ၃၈၂၃ ရဲမှူး ဟိန်းထက်သည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့)တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်များ ထမ်းဆောင်စဉ် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)
## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
## စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)
## အသက် (၇၀) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချစ်ပု(ခ)ဒေါ်ခင်ချစ်
## (ကမာကေးကျေးရွာ၊ ဘီလူးကျွန်း)
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် (၅၆/၆ဘီ)နေ(ဦးဖိုးမြင့်-ဒေါ်အုံးခင်)တို့၏သမီး၊ ဦးတင်အေး(မဲဇလီရွာ၊ ညောင်တုန်းမြို့နယ်)၏ ချစ်လှစွာသောဇနီး၊ ဦးသိုက်စိုး(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်)-ဒေါ်သက်သက်၊ ဒေါ်နွဲ့နွဲ့ရည်(Famat Audit Firm)၊ ဒေါ်ဆွေဆွေမြင့်(အထက-ငြိမ်း)၊ (ဦးအောင်မြင့်သိန်း)(ကညန)၊ ဦးကျော်ရွှေ-ဒေါ်သီတာဝင်း(ကျန်းမာရေးမှူး)၊ ဦးအောင်စိုးမင်း(EP)-ဒေါ်သီတာစိုး(MEP၊ ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ထက်မြတ်ကျော်၊ မောင်ကောင်းခန့်ကျော်၊ မချောသီရိကျော်တို့၏အဘွားသည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၁ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သုနှင်းသီ
## အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lotus Terrace အခန်းအမှတ်(၁၀၁)နေ (ဦးသီဟ)-ဒေါ်တင်တင်ဝင်းတို့၏ သမီး ဦးထူးအောင်သိုက်၏ ချစ်လှစွာသောဇနီး၊ မောင်သော်ဖုန်းခန့်(Sumo)၏ ချစ်လှစွာသောမိခင်၊ ဒေါ်ယဉ်မင်းသီ၏ညီမ၊ ဦးအောင်အောင်သီဟ-ဒေါ်ခင်သရဝဏ်ပါတို့၏အစ်မ၊ မောင်စွမ်း ထက်အောင်(Gu Gu)၏ အဒေါ်သည် ၄-၅-၂၀၂၁ရက်(အင်္ဂါနေ့)နံနက် ၅:၄၀နာရီတွင် Pun Hlaing Siloam Hospital တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၁ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါ ကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၁ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ သီးပင်အိုင်ကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ဟန် နီဦး (ဘ)ဦးဇော်ဦး ၅/ဘတလ(နိုင်)၁၁၈၂၅၃၊ ဒေါ်အေးမြတ်မှူး (ဘ)ဦးဇော်ဦး ၅/ဘတလ(နိုင်) ၁၂၅၀၅၀ (အတူနေညီအစ်မ)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဟန်နီဦး၊ ဒေါ်အေးမြတ်မှူး(အတူနေညီအစ်မ)တို့မှာ အဘွားဖြစ်သူ ဒေါ်ရွှေအိ (ဘ) ဦးဝံခ ၅/ဘတလ(နိုင်)၀၀၉၈၈၀မှ (၂၂-၈-၂၀၁၈)ရက်တွင် နှစ်ဦးသဘောတူ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အား အသိသက်သေများရှေ့မှောက်၌ ဒေါ်ရွှေအိ ပိုင်ဆိုင်သော ပစ္စည်းများထဲမှ ဘုတလင်မြို့နယ်၊ သီးပင်အိုင်ကျေးရွာရှိ အရှေ့လားသော်-ဦးမြင့်သိန်း၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ရိုးချောင်း၊ မြောက်လားသော်-ဦးပြူးစသည့်နယ်(၄)ရပ်အတွင်းရှိ အတောင်(၆၀) ပတ်လည် ဝင်းမြေကွက်နှင့် ပုံစံ(၇)ရရှိထား သော ဘုတလင်မြို့နယ်၊ သီးပင်အိုင်ကျေးရွာရှိ ကွင်းအမည်(သီးပင်အိုင်၊ ကွင်းအမှတ် -၂၅၆၊ ဦးပိုင်အမှတ် (၂၀၉)၊ ယာမြေ၊ ဧရိယာ(၂ဒ သမ၇၅)ကေနှင့် အထက်ပါကွင်းရှိ ဦးပိုင်အမှတ် (၂၀၅)၊ ယာမြေ၊ ဧရိယာ(၃ဒသမ၆၅)ကေ၊ ဘုတလင်မြို့နယ်၊ ကျီးပင်ချောင်ကျေးရွာရှိ ကွင်းအမည် (သာရိုးကုန်း)၊ ကွင်းအမှတ်-၂၅၇(က)၊ ဦးပိုင်အမှတ်(၅၆/၁)၊ ယာမြေ၊ ဧရိယာ(၃ဒသမ၂၅) ကေနှင့် အထက်ပါကွင်းရှိ ဦးပိုင်အမှတ် (၆၉/၂)၊ ယာမြေ၊ ဧရိယာ(၂ဒသမ၂၇)ကေ တို့အား မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုပြီးနောက် ဒေါ်ဟန်နီဦး၊ ဒေါ်အေးမြတ်မှူးတို့ ညီအစ်မမှလက်ရှိထားနေထိုင်ပြီး ယာမြေများအား လုပ်ကိုင်လျက်ရှိပါသည်။

ဒေါ်ရွှေအိမှာ (၂၇-၄-၂၀၂၁)ရက်တွင် ဒေါ်ဟန်နီဦး၊ ဒေါ်အေးမြတ်မှူးတို့နှင့်အတူ နေထိုင်ရင်း ကွယ်လွန်သွားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ နေအိမ်ဝင်းမြေနှင့် ယာမြေများမှာ ဒေါ်ဟန်နီဦး၊ ဒေါ်အေးမြတ်မှူးတို့ညီအစ်မမှ လက်ရှိထား စီမံခန့်ခွဲလုပ်ကိုင် ပိုင်ဆိုင်လျက်ရှိပါသည်။ထို့ကြောင့် အထက်ပါ နေအိမ်ဝင်းမြေနှင့် ယာမြေများအား မည်သူတစ်ဦး တစ်ယောက်ကမျှ ဒေါ်ဟန်နီဦး၊ ဒေါ်အေးမြတ်မှူး တို့၏ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ ဝင်ရောက်ထွန်ယက်လုပ်ကိုင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းပြုလုပ်ပါက တရားမဝင်ပါကြောင်းနှင့်ထိုသို့ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟန်နီဦး၊ ဒေါ်အေးမြတ်မှူး တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျာဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၇၅)**
**သီရိလမ်း၊ ကန်သာဦးရပ်၊ မုံရွာမြို့၊ ဖုန်း-၀၉-၄၃၁၄၆၇၉၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)
## အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ N ature Park၊ အမှတ်(၁၃/၁၄) နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း) သည် ၃-၅-၂၀၂၁ ရက် (တနင်္လာနေ့)နံနက် ၅:၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်နိုင်သိန်း-ဇနီးဒေါ်အေးအေးနှင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)
## အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄) နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီခင်မောင်မြင့်(ငြိမ်း) ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသက်(၇၀)သည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)
## အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄) နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီခင်မောင်မြင့်(ငြိမ်း) ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက်(၇၀)သည် ၃-၅-၂၀၂၁ ရက် (တနင်္လာနေ့)နံနက် ၅:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်သူနှင့်ဇနီးဒေါ်သက်မာမြင့်**
**အင်ဂျင်နီယာချုပ်(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)
## ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊
## ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
## စာရေးဆရာ ဗိုလ်ဘခင်
## အသက်(၇၀ )နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသော ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးခင်ဇော်ဟိန်း-ဒေါ်ဆုသစ်သစ်ထွန်း၊ ဗိုလ်ကြီးမြင့်မောင်မောင်တို့၏ ချစ်လှစွာသောဖခင်၊ မမေဘုန်းမြင့်၊ မအေးချမ်းဘုန်းမြင့်တို့၏ ဘိုးဘိုးကြီး၊ ချစ်ခင်လေးစားရပါသော မိဘဆရာ ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သည် ၃-၅-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ အဘ မြင့်မြတ်ရာဘုံဘဝတွင် ထာဝရ စံစားနိုင်ပါစေ။

**ဦးနေမင်းထက်နှင့်ဇနီးဒေါ်နွယ်နွယ်လှိုင်**
**ညွှန်ကြားရေးမှူး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းညွန့်(ခ)Rosy Tun Lin
## အသက်(၇၅)နှစ်

ဒုတိယဗိုလ်မှူးကြီးဇော်ရဲမြင့်(ခ)ဇာနည်တင်ထွေး-ဒေါ်ခိုင်ရွှေဝါတို့၏မိခင်ဒေါ်သန်းသန်းညွန့်(ခ)Rosy Tun Lin သည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)
## ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အသက်(၇၀ )နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ကြည်း-၁၃၂၀၇ ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက်၅:၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်း ကြေကွဲရပါသည်။

**O.T.S. (49) သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်အမှတ်(၄၂၈၃)၊ ဧရိယာ ဝဒသမ ၀၅၅ ကေရှိ ဒေါ်တိုးတိုးထွန်း(ဘ) ဦးသိန်းထွန်း ၁၄/ ပသန(နိုင်) ၀၀၀၆၃၉ အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၅၃/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်စွာလင်း(ဘ) ဦးစိုးလင်း ၁၂/မဘန(နိုင်)၀၇၀၉၀၆ မှ နှစ်(၃၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးမြင့်ဦး ၅/စကန(နိုင်)၁၃၇၇၄၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### အသက် (၇၀) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းညိန်းနှင့် ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်**
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဒေါ်စောမြ(တောင်တွင်းကြီး)

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငြိမ်း)
### (သဃ်န်းကျွန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၀/က ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၈/က)နေ ဦးတင်မြင့်(အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း)၊ အထက(၁) ဒဂုံအရှေ့၊ (ယခင် တပ်ရင်း(၃) အထကကျောင်း)၏ ဇနီး၊ ဦးကျော်ကျော်(ဒု-ညွှန်မှူး၊ ငြိမ်း၊ လဝက)-ဒေါ်စောလဲ့လဲ့မြင့်၊ ဦးမျိုးလွင်-ဒေါ်စောသွဲ့သွဲ့မြင့်(လ/ထညွှန်မှူး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး)၊ ဒေါက် တာကျော်ဇင်(ဆေးရုံအုပ်ကြီး၊ မအူပင်ခရိုင်ပြည်သူ့ဆေးရုံ)-ဒေါက်တာစောနွဲ့နွဲ့မြင့်[ လ/ထ ညွှန်မှူး၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်း(ဗဟို)-ရန်ကုန်ရုံးခွဲ]၊ ဦးစောသက်တင်မြင့်-ဒေါ်သင်းသင်းကို(ဒု-မန်နေဂျာ၊ မြန်မာလောင်းရှင်းအထည်ချုပ်စက်ရုံ)၊ (ဦးစောကျော်စွာမြင့်)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၄-၅-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၈:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၁ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သည် ၃-၅-၂၀၂၁ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းနှင့်တံတား B.O.T လုပ်ငန်းရှင်များအသင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သန်းသန်းညွှန့်(ခ)ROSY TUN LIN
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၈)မိုင်လမ်းဆုံ၊ ပြည်လမ်း၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊ တိုက်(၃)၊ အခန်း(၁၅)နေ (ဦးထွန်းလင်း-ဒေါ်ကျင်စွမ်)(ပဒေသာရုပ်ရှင်ထုတ်လုပ်ရေး)တို့၏သမီး၊ (ဦးတင်ထွေး)(ညွှန်ကြားရေးမှူး-ငြိမ်း၊ သာသနာရေးဝန်ကြီးဌာန)၏ဇနီး၊ (ဦးသူရိန်တင်ထွေး)၊ ဒုတိယဗိုလ်မှူးကြီး ဇော်ရဲမြင့်(ခ)ဇာနည်တင်ထွေး-ဒေါ်ခိုင်ရွှေဝါ၊ ဒေါ်ကဠူနာမြတ်မြတ်ထွေး(Karzo Co.,Ltd.)၊ ဒေါက်တာကလျာမြတ်မြတ်ထွေး(ရှေးဟောင်းသုတေသနပညာဌာန၊ မန္တလေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ထူးအောင်ဟိဏ်း၊ မောင်အောင်ချိုခန့်တို့၏ဘွားဘွားကြီးသည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) ည ၇:၀၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 68W/73828 Honda PCX 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှဇော် ၁၄/ပသန(နိုင်) ၁၆၅၄၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## အထူးကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးကျော်စွာဦး (ဘ) ဦးသန်းစိန် ၁၂/ရကန(နိုင်) ၀၆၉၅၄၇ မှ ပုဗ္ဗသီရိမြို့နယ်၊ မြေကွက်အမှတ်(ပ-၂၁၇၂၆)၊ အလျားxအနံ ပေ ၆၀x၈၀ခန့်၊ ဧရိယာ(၀ဒသမ ၁၁၀)ဧကရှိ နှစ်(၃၀)အငှားဂရန် မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၂၇၀)၊ (၂၀-၂-၂၀၁၅)ရက်စွဲဖြင့် ဦးကျော်မိုးသက်(ဘ)ဦးသက်တင် ၁၂/မဂဒ(နိုင်) ၀၁၆၃၁၁ သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၄-၅-၂၀၂၁)ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးကျော်စွာဦး ၁၂/ရကန(နိုင်)၀၆၉၅၄၇**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park ၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် ၃-၅-၂၀၂၁ရက်(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊
### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)
### အသက် (၇၀) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သည် ၃-၅-၂၀၂၁ရက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဇနီး ဒေါ်စိုးယဉ်မြင့်**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)
### အသက် (၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင် ပွန်း ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)၊ ဒေါ်တင်တင်နွဲ့ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### အသက်(၇၀)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၁ရက် နံနက် ၅:၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိလားပါစေ။

တပည့်
ဒုတိယဗိုလ်မှူးကြီး ယုခိုင်(ငြိမ်း)-ဒေါ်မူမူမြင့် မိသားစု
ညွှန်ကြားရေးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေဒေါ်ဝင်းဝင်းနု၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၃-၅-၂၀၂၁ရက် (တနင်္လာနေ့) နံ့နက် ၅:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစံငွေးနှင့် ဇနီး ဒေါ်ခင်မေရီထွန်း**
**ဒါရိုက်တာအဖွဲ့ဝင်(၂)**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံ့ချီခင်မောင်မြင့်(ငြိမ်း)
### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေဒေါ်ဝင်းဝင်းနု၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၃-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**Mr.AYE KO (Chairman)**
**Myanmar Golf Association**
**(MGA Thailand)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၃-၅-၂၀၂၁ရက်(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရ ဦးမြင့်မောင်နှင့် ဇနီး ဒေါ်အေးအေးထွန်း**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**သာသနာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊
### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### အသက် (၇၀) နှစ်

တိုင်းမှူးတာဝန်၊ ဝန်ကြီးတာဝန်များကို တစ်နေ့တစ်ရက်တည်း တာဝန်အတူ ထမ်းဆောင်ခဲ့သော ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၁ရက် နံနက် ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်နွဲ့**
**ဗိုလ်ချုပ်စိုးနိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်လတ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### အသက် (၇၀) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၃-၅-၂၀၂၁ရက် နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊
### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### စာရေးဆရာခင်မောင်မြင့်(စစ်ကိုင်း)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park ၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ခင်ဇော်ဟိန်း-မဆုသစ်သစ်ထွန်း၊ ဗိုလ်ကြီးမြင့်မောင်မောင်တို့၏ဖခင်၊ မမေဘုန်းမြင့်၊ မအေးချမ်းဘုန်းမြင့်တို့၏ အဘိုးသည် ၃-၅-၂၀၂၁ရက်(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးညီညီအောင်-ဒေါ်သီတာသန်း**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**
**လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ် သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊
### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
### အသက် (၇၀) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံ့ချီ ခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၃-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ သဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ကောင်းကျော်ကုမ္ပဏီများအုပ်စု**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ချင်းပြည်နယ် တီးတိန်မြို့နယ် မဲရုံ ၁၄၀ ရုံ | ၅၆၇၆၄ | ၅၈၅၆၇ | ၃၂၅၉ | ၆၂၀ | ၇၁၀၂ |
| ၂ | ချင်းပြည်နယ် တွန်းဇံမြို့နယ် မဲရုံ ၈၃ ရုံ | ၁၇၈၂၇ | ၁၇၄၁၆ | ၁၂၂၆ | ၉၀ | ၁၆၀၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၂၃ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၇၉၁၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၆၉၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၀၉၃၁၊ မြေပြင်လက်ကျန် ၃၇၉၁၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၂၆၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၄၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

# အသိပေးကြေညာချက်

တရားမဝင်အဖွဲ့အစည်းနှင့် သတင်းဌာနအချို့သည် တရားမဝင်သော ဂြိုဟ်တုစလောင်းများမှတစ်ဆင့် ရုပ်သံလိုင်းများတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသော အကြောင်းအရာများနှင့် နိုင်ငံတော်အား သစ္စာဖောက်ဖျက် ပုန်ကန်မှု ကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုတရားမဝင်ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်များကို တပ်ဆင်အသုံးပြုဖမ်းယူကြည့်ရှုမှုများ ပြုလုပ်ပါက အများပြည်သူ၏ကောင်းကျိုးကို ရည်ရွယ်ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေ ၊ နည်းဥပဒေများအား မသိနားမလည်စွာ ကျူးလွန်ဖောက်ဖျက်ရာ ရောက်မိတတ်ပါသည်။

သို့ဖြစ်ပါ၍ ထောင်ဒဏ် ၁ နှစ် ၊ ဒဏ်ငွေ ၅ သိန်း အစရှိသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရှိစေရန် စေတနာကောင်းဖြင့် ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၄-၅-၂၀၂၁)

**ယနေ့ သ တင်း အ ညွှန်း**

အိန္ဒိယနိုင်ငံသို့ ကိုဗစ်-၁၉ အတွက် အကူအညီများဆိုက်ရောက်လာချိန် ဘရာဇီးနှင့် ကနေဒါတို့တွင် ကူးစက်မှုများပြားခြင်းနှင့် ရင်ဆိုင်နေရ

စာ ၁၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း တစ်ထောင်ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

စာ ၁၈

## ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) အုပ်စု လက်ကျန်ပွဲများ ပြန်လည်ကျင်းပမည်

ရန်ကုန် မေ ၄

၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) နှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စု လက်ကျန်ပွဲများကို မေ ၂၈ ရက်မှ ဇွန် ၁၅ ရက် အတွင်း ပြန်လည်ကျင်းပမည် ဖြစ်သည်။ ယင်းပွဲများကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရခြင်းဖြစ်ပြီး လက်ကျန်ပွဲအားလုံးကို ယင်းရက်အတွင်း ကျင်းပမည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲများမှာ ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းကတည်းက ပြီးဆုံးရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် တစ်နှစ်နီးပါး နောက်ဆုတ်ခဲ့ရပြီး ယခင်စီစဉ်ထားသည့်အတိုင်း အိမ်ကွင်း၊ အဝေးကွင်းကျင်းပရန်မဖြစ်နိုင်သဖြင့် အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်၍ ကျင်းပသွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အုပ်စု (A) ကို တရုတ်၊ အုပ်စု (B) ကို ကူဝိတ်၊ အုပ်စု (C) ကို ဘာရိန်း၊ အုပ်စု (D) ကို ဆော်ဒီအာရေဗျ၊

စာမျက်နှာ ၇ ကော်လံ ၃ ✻

## ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်လှမ်းသွားမည့်အသင်းက ချယ်ဆီးလား၊ ရီးရဲမက်ဒရစ်လား



ရီးရဲမက်ဒရစ်အသင်းနှင့် ချယ်ဆီးအသင်းတို့ ပထမအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ပရီမီယာလိဂ်အသင်းကြီး ချယ်ဆီးအသင်းနှင့် စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းတို့ ပွဲစဉ်ကို မေ ၆ ရက် နံနက်ပိုင်းတွင် ချယ်ဆီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ နှစ်သင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ ရီးရဲမက်ဒရစ် အိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။ ထို့ကြောင့် ဒုတိယအကျော့တွင် မည်သည့်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး နောက်တစ်ဆင့်တက်ရောက်သွားမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

အဆိုပါ နှစ်သင်းယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် ချယ်ဆီးအသင်းက ကစားကွက်အသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ဦးဆောင်ထားနိုင်သည်ကို တွေ့ရသည်။ ယင်းပွဲစဉ်တွင်ရီးရဲမက်ဒရစ်အသင်းမှ ဟာဇက် လူစားဝင်ကစားသမားအဖြစ် ပြန်လည်ပါဝင်ခဲ့သော်လည်း ခြေစွမ်းပြသထားနိုင်ခြင်း

စာမျက်နှာ ၇ ကော်လံ ၃ ✻